First ELEVEN JOURNAL
No. … VOLUME 14 15 - 5 - 2014



# မန်ချက်စတာရဲ့ လောကဓံအနိမ့်အမြင့်

တစ်ချိန်ကဒီလိုအချိန်မျိုးမှာဆိုရင် မန်ချက်စတာမြို့ထဲ အနီရောင်တွေ အကြိမ်ကြိမ်လွှမ်းမိုးခဲ့ဖူးပါတယ်။ ဒါပေမဲ့ အခုအချိန်မှာတော့ မန်ချက်စတာမှာ အပြာရောင်တွေ လွှမ်းမိုးနေပါပြီ။ ၂၀၁၃-၁၄ဘောလုံးရာသီရဲ့ နောက်ဆုံးနေ့ပွဲစဉ်မှာ မန်စီးတီးအသင်းဟာ ဝက်စ်ဟမ်းအသင်းကို(၂-၀)ဂိုးနဲ့အနိုင်ယူပြီး ပရီးမီးယားလိဂ်ချန်ပီယံဆုကို ထိုက်ထိုက်တန်တန်ရယူနိုင်ခဲ့ပါတယ်။ ဒီအချိန်မှာ မန်စီးတီးရဲ့ မြို့ခံပြိုင်ဘက် မန်ယူအသင်းကတော့ ရာသီပိတ်နောက်ဆုံးပွဲစဉ်မှာ ဆောက်သမ်တန်အသင်းကို အနိုင်မရခဲ့ဘဲ ယူရိုပါလိဂ်ဝင်ခွင့်တောင်မရတဲ့မှတ်တမ်းဆိုးတစ်ခုကို ပိုင်ဆိုင်ခဲ့ရပြီဖြစ်ပါတယ်။ မန်စီးတီးအသင်းအနေနဲ့ မြို့ခံပြိုင်ဘက်မန်ယူအသင်းလက်ထဲကနေ ပရီးမီးယားလိဂ်ချန်ပီယံဆုကို(၃)နှစ်အတွင်း ဒုတိယအကြိမ်မြောက်ရယူခဲ့တာဖြစ်ပြီး အသင်းသမိုင်းမှာတော့ အမှတ်ပေးချန်ပီယံဆုကို(၄)ကြိမ်မြောက် ဆွတ်ခူးခဲ့တာလည်းဖြစ်ပါတယ်။ ၂၀၁၁ခုနှစ်ကတည်းက မန်ချက်စတာမြို့မှာရှိနေတဲ့ ပရီးမီးယားလိဂ်ဖလားဟာ မန်ယူနဲ့မန်စီးတီး တစ်လှည့်စီဆိုသလိုရယူခဲ့ကြပြီး ဒီနှစ်မှာတော့အသင်းနှစ်သင်းအကြား မယှဉ်နိုင်စရာကောင်းတဲ့ ခြားနားမှုနဲ့အတူ မန်စီးတီးအသင်း ဗိုလ်စွဲခဲ့တာပါ။ အမှတ်ပေးဇယားမှာအဆင့်(၇)နေရာမှာသာ ရပ်တည်နိုင်ခဲ့တဲ့မန်ယူအသင်းဟာ မန်စီးတီးအသင်းနဲ့ ရမှတ်(၂၂) မှတ်ကွာဟခဲ့ပြီး ပရီးမီးယားလိဂ်သမိုင်းမှာတော့ အဆိုးရွားဆုံးအနေအထားတစ်ရပ်ကိုရောက်ရှိခဲ့တာပဲ ဖြစ်ပါတယ်။ တစ်ချိန်တုန်းက မန်ချက်စတာမြို့ကိုလွှမ်းမိုးခဲ့တဲ့ အနီရောင်တွေ ဆေးရောင်ပြယ်လွင့်ခဲ့ပြီး မန်ချက်စတာမှာ အပြာရောင်တွေဖုံးလွှမ်းခဲ့ပါပြီ။ လောကဓံတရားအရ အနိမ့်အမြင့် အတက်အကျဆိုတာ ရှိစမြဲကြောင့် မန်ယူအသင်းရဲ့ကျရှုံးမှုဟာအံ့အားသင့်စရာမဟုတ်သလို၊ မန်စီးတီးအသင်းရဲ့အောင်မြင်မှုကလည်း အံ့သြစရာတစ်ခုတော့ မဟုတ်ပါဘူး။ အနိမ့်အမြင့်သံသရာစက်ဝိုင်းမှာ အနိမ့်ပိုင်းကိုရောက်လာတဲ့ မန်ယူ အရင်အခြေအနေမျိုးရောက်အောင်ဘယ်လောက်အထိ ရုန်းကန်ရဦးမလဲ၊ အမြင့်ကိုတစ်ဖန်ပြန်ရောက်လာတဲ့ မန်စီးတီး လက်ရှိအခြေအနေကိုဘယ်လောက်အထိ ထိန်းသိမ်းထားနိုင်မလဲဆိုတာ . . .။

## ဆီဗီလာနဲ့ဘင်ဖီကာ ဗိုလ်လုမယ့် ယူရိုပါလိဂ်



အခုဗုဒ္ဓဟူးနေ့(မေလ ၁၄)မှာ နောက်ဆုံးဗိုလ်လုပွဲကို အီတလီနိုင်ငံ၊ ... ဖြစ်ပါတယ်။ ဒီဗိုလ်လုပွဲကိုတော့ စပိန်ကလပ် အသင်းတို့ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ ၂၀၀၆၊ (ယခင် UEFAဖလား) ကို (၂)နှစ်ဆက် ဆွတ်ခူးနိုင်ဖို့ကြိုးစားရမှာဖြစ်ပြီး ပြီးခဲ့တဲ့ရာသီက အသင်းသမိုင်းမှာ ပထမဆုံးအကြိမ်အဖြစ် အီတလီမြေမှာ အောင်ပွဲခံမယ့်အသင်းကဆိုတာကတော့

ဥရောပကလပ်ပြိုင်ပွဲတစ်ခုဖြစ်တဲ့ ယူရိုပါလိဂ်ပြိုင်ပွဲရဲ့ တူရင်မြို့က ဂျူဗင်တပ်စ်ကွင်းမှာ ကျင်းပမှာ ဆီဗီလာအသင်းနဲ့ ပေါ်တူဂီကလပ် ဘင်ဖီကာ ၂၀၀၇ခုနှစ်တွေက ယူရိုပါလိဂ်ဖလား ဆွတ်ခူးခဲ့ဖူးတဲ့ဆီဗီလာအသင်းက တတိယအကြိမ်မြောက် ချယ်လ်ဆီးကို ဗိုလ်လုပွဲမှာ ရှုံးနိမ့်ခဲ့ရတဲ့ ဘင်ဖီကာအသင်းကတော့ ယူရိုပါလိဂ်ဖလား ရယူနိုင်ဖို့ ကြိုးစားရမှာပါ။ စပိန်ကလပ်လား၊ ပေါ်တူဂီကလပ်လား စောင့်ကြည့်ရမှာပါ။




http://www.first-11.com

First ELEVEN SPORTS JOURNAL

# ပရီးမီးယားလိဂ်ဖလားရယူနိုင်ခဲ့သည့် တောင်အမေရိကလူမျိုးနည်းပြအဖြစ် ပယ်လီဂရီနီမှတ်တမ်းဝင်

## ပရီးမီးယားလိဂ်တွင် အသင်း(၂)သင်း ဂိုး(၁၀၀)နှင့်အထက်သွင်းယူခဲ့ခြင်းမှာပထမဆုံးဖြစ်ခဲ့




Photo : AFP

၂၀၁၃-၁၄ရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် မန်စီးတီးအသင်းဗိုလ်စွဲအောင်စွမ်းဆောင်ပေးခဲ့သည့် ချီလီလူမျိုးနည်းပြဖြစ်သူပယ်လီဂရီနီသည် အင်္ဂလန်လိဂ်သမိုင်းတစ်လျှောက် အမှတ်ပေးဖလားကိုရယူနိုင်ခဲ့သည့် ပထမဆုံးတောင်အမေရိကလူမျိုးနည်းပြအဖြစ် မှတ်တမ်းဝင်နိုင်ခဲ့ကြောင်း သိရသည်။

အသက်(၆၀)အရွယ်ရှိပြီဖြစ်သူ ပယ်လီဂရီနီသည် ယခုနှစ်ရာသီအစကမှ မန်စီးတီးအသင်းကိုကိုင်တွယ်ခဲ့သူဖြစ်ပြီး လိဂ်ဖလားကိုရယူခဲ့ပြီးနောက် မန်စီးတီးနည်းပြများထဲတွင် ကာလတိုအတွင်းဆုဖလားရယူနိုင်ခဲ့သည့် ပထမဆုံးနည်းပြအဖြစ်မှတ်တမ်းဝင်ခဲ့သလို ယခုအခါ မှတ်တမ်းကောင်းတစ်ရပ်ကိုထပ်မံစိုက်ထူနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ ထို့ပြင် ပယ်လီဂရီနီအနေဖြင့် လက်ရှိအချိန်အထိ မန်စီးတီးအသင်းကို(၅၇)ပွဲကိုင်တွယ်ခဲ့ရာတွင် (၄၁)ပွဲနိုင်ပွဲရယူခဲ့ပြီး နိုင်ပွဲရရှိမှု(၇၁ ·၉၃%)အထိရှိခဲ့ရာ နိုင်ပွဲရာခိုင်နှုန်းအများဆုံးရယူထားနိုင်သူအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ကြောင်းသိရသည်။ ထို့အတူ မန်စီးတီးအသင်းမှာ ယခုနှစ်ရာသီပရီးမီးယားလိဂ်ပြိုင်ပွဲတွင် စုစုပေါင်း(၁၀၂)ဂိုးသွင်းယူခဲ့ပြီး ချယ်လ်ဆီးအသင်းတင်ရှိထားသည့် စံချိန်ဖြစ်သော(၁၀၃)ဂိုးစံချိန်ကိုကျော်ဖြတ်နိုင်ခဲ့ခြင်းမရှိသော်လည်း ယခုဂိုးအရေအတွက်မှာ အသင်းအတွက်စံချိန်တစ်ခုဖြစ်ခဲ့သည်။ ယခုနှစ်ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် မန်စီးတီးအသင်း ဂိုး(၁၀၀)ကျော်သွင်းယူခဲ့သလို ချန်ပီယံဆုရရန်အလွန်နီးစပ်ခဲ့ပြီးမှ ဒုတိယနေရာဖြင့်သာကျေနပ်ခဲ့ရသည့် လီဗာပူးလ်အသင်းမှာလည်း (၁၀၁)ဂိုးအထိသွင်းယူနိုင်ခဲ့သဖြင့် ပရီးမီးယားလိဂ်သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် တစ်ရာသီအတွင်းအသင်း(၂)သင်းမှာ ဂိုး(၁၀၀)နှင့်အထက်သွင်းယူခဲ့သည့်မှတ်တမ်းလည်းတင်ရှိနိုင်ခဲ့သည်။

မန်စီးတီးအသင်းအနေဖြင့် ယခုနှစ်ရာသီတွင် မှတ်တမ်းကောင်းများဖြင့်ပရီးမီးယားလိဂ်ဖလားရယူနိုင်ခဲ့သော်လည်း ၎င်းတို့၏မြို့ခံပြိုင်ဘက်မန်ယူအသင်းမှာမူ စိတ်ပျက်ဖွယ်မှတ်တမ်းများဖြင့် ၂၀၁၃-၁၄ရာသီကိုအဆုံးသတ်ခဲ့ရသည်။ မန်ယူအသင်းသည် ရာသီကုန်တွင် အဆင့်(၇)နေရာ၌သာရပ်တည်နိုင်ခဲ့ပြီး ပရီးမီးယားလိဂ်သမိုင်းတစ်လျှောက် အဆိုးရွားဆုံးရပ်တည်မှုဖြစ်သလို ၁၉၉၅ခုနှစ်နောက်ပိုင်း ချန်ပီယံလိဂ်ပြိုင်ပွဲနှင့်လွဲချော်ခဲ့သည့်အပြင် ၁၉၉၀နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ်ဥရောပပြိုင်ပွဲဝင်ခွင့်နှင့်လွဲချော်ခဲ့သည်။




# ဆုကြေးငွေကျပ်(၇၅)သိန်းချီးမြှင့်မည့် ၂၀၁၄ ကမ္ဘာ့ဖလားခန့်မှန်းပြိုင်ပွဲ

လာမည့်ဇွန်လတွင်ကျင်းပမည့် ၂၀၁၄ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက်ခန့်မှန်းပြိုင်ပွဲကို First Eleven Sports Journal ပရိသတ်များဖြေဆိုနိုင်ရန် ကျင်းပသွားမည်ဖြစ်ပါသည်။ ယခုပြိုင်ပွဲကို ဆုကြေးငွေကျပ်(၇၅)သိန်းချီးမြှင့်သွားမည်ဖြစ်ပြီး First Eleven Sports Journal ပရိသတ်မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

အောက်ပါမေးခွန်းအားလုံးမှန်ကန်ရန်မလိုဘဲ တစ်ခုချင်းမှန်ကန်ပါကလည်း မေးခွန်းတစ်ခုချင်းစီအတွက် ဆုများချီးမြှင့်သွားမည်ဖြစ်ပါသည်။

(၁) ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ဗိုလ်စွဲမည့်အသင်းနှင့် ဒုတိယရမည့်အသင်း — ကျပ်(၁၀)သိန်း
(ဖြေဆိုရန် နမူနာ) ဗိုလ်စွဲမည့်အသင်း - ဂျာမနီ၊ ဒုတိယရမည့်အသင်း - ဘရာဇီးလ်

(၂) ဂိုးအများဆုံးသွင်းမည့်ကစားသမားနှင့် သွင်းဂိုးအရေအတွက် — ကျပ်(၁၀)သိန်း
(ဖြေဆိုရန် နမူနာ) နေမာ(ဘရာဇီးလ်) - (၅)ဂိုး

(၃) ကွာတားဖိုင်နယ်တက်မည့်အသင်း(၈)သင်း — ကျပ်(၁၀)သိန်း

(၄) ဆီမီးဖိုင်နယ်တက်မည့်အသင်း(၄)သင်း — ကျပ်(၅)သိန်း

(၅) အိမ်ရှင်ဘရာဇီးလ်နှင့်ချန်ပီယံစပိန်အသင်းတို့အမြင့်ဆုံးရောက်ရှိမည့်အဆင့် — ကျပ်(၅)သိန်း
(ဖြေဆိုရန် နမူနာ) ဘရာဇီးလ် - ဗိုလ်လုပွဲ၊ စပိန် - ဆီမီးဖိုင်နယ် (နှစ်ခုလုံးမှန်ရန်လိုပါသည်)

(၆) အကောင်းဆုံးဘောလုံးသမားဆု(Golden Ball)ရရှိမည့်သူ — ကျပ်(၅)သိန်း
(ဖြေဆိုရန် နမူနာ) စီရော်နယ်လ်ဒို (ပေါ်တူဂီ)

(၇) အီတလီ-ဥရုဂွေး နှင့် အမေရိကန်-ဂျာမနီ အုပ်စုပွဲစဉ်များ၏ ရလဒ်များ — ကျပ်(၅)သိန်း
(ဖြေဆိုရန် နမူနာ) အီတလီ ၂-၁ ဥရုဂွေး၊ အမေရိကန် ၀-၂ ဂျာမနီ (နှစ်ခုလုံးမှန်ရန်လိုပါသည်)

(၈) အဖြေအားလုံးမှန်ကန်ပါက ထပ်မံဖြည့်စွက်ချီးမြှင့်မည့်ငွေ — ကျပ်(၂၅)သိန်း

ပေးပို့ရန် - အမှတ်(၂၂)၊ တောင်ဖြူးပြိုင်ကွင်းလမ်း၊ တာမွေကြီးအပိုင်း(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

### စည်းကမ်းချက်များ

၁။ အဖြေလွှာများကို A4 (သို့မဟုတ်) ဖုလ်စကက် (သို့မဟုတ်) ၆ x ၈ လက်မထက် မသေးသည့် စာရွက်များဖြင့် ဖြေဆိုပေးပို့ရပါမည်။ မေလနှင့် ဇွန်လအတွင်း ထုတ်ဝေသည့် First Eleven Sports Journal နှင့် Premier Eleven Sports Journal များ၏(မည်သည့်ဂျာနယ်ဖြစ်စေ)ကမ္ဘာ့ဖလားအမှတ်အသားပါ ထိပ်ပိုင်း(၃)ခုကို အဖြေလွှာနှင့်အတူ ပူးတွဲပေးပို့ရပါမည်။
၂။ ပေးပို့ရာ၌ အဖြေလွှာ၏အထက်ပိုင်းတွင် ဖြေဆိုသူ၏ အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်း(ရှိပါက) ဖော်ပြရပါမည်။
၃။ မေးခွန်းတစ်ခုချင်းအလိုက် ဆုကြေးငွေချီးမြှင့်မည်ဖြစ်သဖြင့် အဖြေလွှာများကို အမှတ်စဉ်များထိုး၍ ရှင်းရှင်းလင်းလင်းဖြေဆိုရန် လိုအပ်ပါသည်။
၄။ စာအိတ်ပေါ်တွင် "First Eleven World Cup 2014 Quiz ဘောလုံးခန့်မှန်းပြိုင်ပွဲ" ဟု ရေးသားလိပ်မူပြီး ပေးပို့ရပါမည်။
၅။ အဖြေလွှာများကို ၂၀၁၄ ဇွန်လ(၁၃)ရက် နောက်ဆုံးထား၍ လက်ခံသွားမည်ဖြစ်ပါသည်။
(မည်သည့်အကြောင်းကြောင့်ဖြစ်စေ ယင်းနေ့ထက် နောက်ကျပြီးရောက်ရှိလာသော အဖြေလွှာများကို လက်ခံမည်မဟုတ်ပါ။)
၆။ မေးခွန်းတိုင်းတွင် အဖြေမှန်သူတစ်ဦးထက်ပိုပါက(၅ ဦးအထိအား မဲနှိုက်၍) ဆုငွေကိုအညီအမျှခွဲဝေပေးသွားပါမည်။ (မေးခွန်းတစ်ခုအတွက် အဖြေမှန်သူဦးရေ မည်မျှရှိသည်ဖြစ်စေ အများဆုံး ၅ ဦးအထိသာ မဲနှိုက်၍ ဆုချီးမြှင့်ပါမည်။)
၇။ ပြိုင်ပွဲဝင်တစ်ဦးလျှင် အဖြေလွှာ(၁)ခုသာ ယှဉ်ပြိုင်ခွင့်ရှိပါသည်။




သို့

First Eleven Sports Journal ခင်ဗျား • • •

ကျွန်တော်ကတော့ လီဗာပူးလ်အသင်းရဲ့ထာဝရပရိသတ်တစ်ဦးပါ။ ပရီးမီးယားလိဂ်ပြိုင်ပွဲမှာ မန်ယူအသင်း ဘယ်လိုအောင်မြင်မှုတွေရရှိခဲ့တာပဲဖြစ်ဖြစ် ကျွန်တော်ငယ်ငယ်ကတည်းကအားပေးခဲ့တဲ့လီဗာပူးလ်အသင်းကို ယနေ့အထိ သစ္စာရှိရှိအားပေးနေဆဲပါ။ မြန်မာနိုင်ငံမှာ မန်ယူပရိသတ်တွေများတာကြောင့် အမြဲလိုလိုလှောင်ပြောင်ခံရပေမယ့်လည်း ကျွန်တော် စိတ်ဓာတ်မကျခဲ့ပါဘူး။ ဒီရာသီမှာတော့ ဆုဖလားရဖို့ အကောင်းဆုံးအခြေအနေရောက်ပြီးမှ မျှော်လင့်ချက်တွေဝေဝါးလာရလို့ စိတ်ပျက်မိပါတယ်။ ဒါပေမဲ့ သူများတွေပြောနေသလို ချယ်လ်ဆီးနဲ့ပွဲမှာ ဂျရတ် ချော်လဲခဲ့တာကြောင့်လို့တော့ မယူဆပါဘူး။ လီဗာပူးလ်အသင်း ဥရောပအောင်မြင်မှုတွေရအောင် ဂျရတ် အများကြီးပြုလုပ်ပေးခဲ့တာ မေ့ပစ်လို့မဖြစ်ပါဘူး။ ဒီရာသီဖလားမရလည်း ဂျရတ်ရဲ့အမှားကြောင့်လို့တော့ လီဗာပူးလ်ပရိသတ်တွေ မယူဆစေချင်ပါဘူး။ ဘာပဲဖြစ်ဖြစ် မန်ယူတစ်ခေတ်ကုန်ဆုံးချိန်မှာ လီဗာပူးလ်တစ်ခေတ်ပြန်ရောက်လာလိမ့်မယ်လို့တော့ မန်ယူပရိသတ်တွေကို သတိပေးချင်ပါတယ်။

- မျိုးလွင်အောင်၊ ကျိုက်ထို၊

First Eleven Sports Journal ခင်ဗျား • • •

အားကစားထဲမှာ ဘောလုံးပြီးရင် ကျွန်တော်အကြိုက်ဆုံးအားကစားနည်းက တင်းနစ်ပါ။ ဂရင်းစလင်းပွဲတွေကို အမြဲမလွတ်တမ်းကြည့်ဖြစ်သလို၊ Eleven ကိုလည်း တင်းနစ်အကြောင်းတွေ မကြာခဏမေးဖြစ်ခဲ့ပါတယ်။ ကျွန်တော်သိလိုသမျှတွေ ဖြေကြားပေးတဲ့အတွက်လည်း Eleven က အစ်ကိုတွေကို ကျေးဇူးတင်ပါတယ်။ ဂရင်းစလင်းပွဲတွေကစားတဲ့အချိန်မှာဆိုရင် ပွဲချိန်တွေသာမကဘဲ ပွဲစဉ်ဇယားကိုလည်း အဆင်ပြေရင် ထည့်ပေးစေချင်ပါတယ်။ ကျွန်တော်အကြိုက်ဆုံးတင်းနစ်ကစားသမားက ဆွစ်ဇာလန်က ဖက်ဒါရာဖြစ်တာကြောင့် ဖက်ဒါရာရဲ့ကိုယ်ရေးအတ္ထုပ္ပတ္တိကိုလည်း ဖြစ်နိုင်ရင် ဖော်ပြပေးစေလိုပါတယ်။ အမျိုးသားတွေထဲမှာ ဖက်ဒါရာက ပီဆမ်းပရက်စ်ရဲ့စံချိန်ကိုကျော်ဖြတ်ပြီး ဂရင်းစလင်းချန်ပီယံ(၁၇)ကြိမ်ရယူထားကြောင်းသိရပါတယ်။ အမျိုးသမီးတွေထဲမှာရော ဂရင်းစလင်းချန်ပီယံဆုစံချိန်တင်ရယူထားသူက ဘယ်သူလဲဆိုတာ သိချင်ပါတယ်။ ဘယ်နိုင်ငံကဖြစ်တယ်ဆိုတာနဲ့ အကြိမ်အရေအတွက်ကိုပါ ဖော်ပြပေးပါ။

- ကိုဟိန်း၊ ခေတ္တ-နေပြည်တော်၊

❒ *အမျိုးသမီးတင်းနစ်မယ်တွေထဲမှာ ဂရင်းစလင်းချန်ပီယံဆုကို စံချိန်တင်ရယူထားသူကတော့ သြစတြေးလျတင်းနစ်မယ် မာဂရက်ကုတ်ဖြစ်ပြီး ဂရင်းစလင်းချန်ပီယံဆု(၂၄)ကြိမ်အထိရယူထားတာဖြစ်ပါတယ်။ သူမဟာ ၁၉၆၀ခုနှစ်မှာ ပရော်ဖက်ရှင်နယ်ပွဲတွေစကစားခဲ့ပြီး ၁၉၇၇ခုနှစ်မှာ အနားယူခဲ့သူဖြစ်ကာ လက်ရှိအချိန်မှာတော့ အသက်(၇၁)နှစ်အရွယ်ရှိပြီဖြစ်ပါတယ်။*

## BRIEF

❒ မန်ယူအသင်း၏ကွင်းလယ်လူမာတာက ဥရောပပြိုင်ပွဲမဝင်ရခြင်းသည် လာမည့်ရာသီတွင် မန်ယူအသင်းကို ပြည့်တွင်းဖလားများရရှိအောင်အကူအညီပေးလိမ့်မည်ဟု ပြောကြားခဲ့သည်။

❒ အာဆင်နယ်နောက်ခံလူဆက်ဂ်နာကသူသည် အာဆင်နယ်အသင်းမှ ထွက်ခွာဖွယ်ရှိနေကြောင်း ဝန်ခံပြောကြားခဲ့သည်။

❒ ချယ်လ်ဆီးနောက်ခံလူဘာထရန်သည် ပုံမှန်ကစားခွင့်ရမည့်အသင်းတစ်သင်းသင်းသို့ ပြောင်းဖွယ်ရှိနေကြောင်းသိရသည်။

FIRST ELEVEN SPORTS JOURNAL

**တာဝန်ခံအယ်ဒီတာ**
ဇင်မင်းမောင်

**အလှူဆောင်အယ်ဒီတာ**
ကျော်သူမြင့်

**အကြီးတန်းအယ်ဒီတာ**
ဇာနည်အောင်၊ နန္ဒဝန်ငြိမ်းချမ်း

**အယ်ဒီတာအဖွဲ့ဝင်**
နိုင်လင်း၊ အာကာ၊ ကျော်ရင်၊ ငြိမ်းကိုကိုစိုး

**သတင်းထောက်**
ညီညီစိုးညွန့်၊ သက်ထွန်းအောင်

**ပုံနှိပ်သူအမည်**
ဒေါက်တာသိန်းမြင့်

**မှတ်ပုံတင်အမှတ်**
ယာယီ-၁၁၅၆၆

**ပုံနှိပ်တိုက်အမည်**
Eleven Press

**ပုံနှိပ်တိုက်တည်နေရာ**
အမှတ်(၁၉)၊ တောင်မြင်းပြိုင်ကွင်းလမ်း
တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

**စောင်ရေ**
၂၀၀၀၀

**ထုတ်ဝေသူ**
Eleven Media Group

**မှတ်ပုံတင်အမှတ်**
ယာယီ-၀၄၇၀၆

**စာပေတိုက်အမည်**
Eleven Media Group

**စာပေတိုက်တည်နေရာ**
အမှတ်(၂၂)၊ တောင်မြင်းပြိုင်ကွင်းလမ်း
တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၄၀၀၅၂၄၊ ၄၀၀၅၂၈

# မန်ယူအသင်းသို့ ဗန်ဟားလ်ရောက်လာပါက ဟာဒီနန်၊ ဗယ်လေနီ၊ ဗလင်စီယာတို့၏အနာဂတ်များ ပြီးဆုံးဖွယ်ရှိ

## ၉၂မျိုးဆက် နည်းပြအဖွဲ့နှင့် ဗန်ဟားလ် လက်တွဲစေရန် ရိုင်ယန်ဂစ် ဆန္ဒရှိ



Photo: AFP

လာမည့်နွေရာသီတွင် မန်ယူအသင်းသို့ ဟော်လန်နည်းပြလူးဝစ်ဗန်ဟားလ်ရောက်ရှိလာပါက မန်ယူအသင်းရှိ ကစားသမားအချို့၏အနာဂတ်များမှာ ပြီးဆုံးဖွယ်ရှိကြောင်း ဗြိတိန်သတင်းစာ Daily Mail က ဖော်ပြခဲ့သည်။ မန်ယူအသင်းတွင် အသင်းခေါင်းဆောင်ဗီဒစ်မှာ ရာသီကုန်၌ အင်တာမီလန်သို့ ပြောင်းရွှေ့တော့မည်ဖြစ်ပြီး ဗီဒစ်ကဲ့သို့ ဟာဒီနန်၊ ဗယ်လေနီ၊ ဗလင်စီယာအစရှိသည့် ကစားသမားများလည်း မန်ယူနှင့် လမ်းခွဲရဖွယ်ရှိနေကြောင်း Daily Mail က ဖော်ပြခဲ့သည်။

ဗန်ဟားလ်သည် မန်ယူအသင်းကို ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သွားမည်ဖြစ်ရာ ခြေစွမ်းကျဆင်းနေသောကစားသမားများကို အသင်းမှ ရောင်းထုတ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ ယခုရာသီ ကစားသမားများ၏ မှတ်တမ်းများအရ ဟာဒီနန်မှာ မန်ယူအသင်းတွင် အခြားနောက်ခံလူများကဲ့သို့ မှတ်တမ်းကောင်းပိုင်ဆိုင်ခြင်းမရှိဘဲ အားနည်းမှုများစွာရှိနေသလို၊ ဗယ်လေနီမှာလည်း ယခုရာသီတွင် အသင်းအတွက် ဂိုးအခွင့်အရေးဖန်တီးနိုင်သည်မှာ (၅)ကြိမ်သာရှိခဲ့သည်။ ကွင်းလယ်လူတစ်ဦးအနေဖြင့် ဗယ်လေနီ၏ စွမ်းဆောင်မှုများမှာ ပုံမှန်အဆင့်ပင်မရှိသလို၊ တောင်ပံကစားသမားဗလင်စီယာမှာလည်း ထိပ်တန်းတောင်ပံကစားသမားတစ်ဦး၏ ခြေစွမ်းမျိုးမရှိဘဲ အခြားအသင်းများမှ တောင်ပံကစားသမားများနှင့်နှိုင်းယှဉ်လျှင် စွမ်းဆောင်ရည်ကျဆင်းနေကြောင်းသိရှိရသည်။ ပြီးခဲ့သည့်ထိပ်တန်းအသင်းများနှင့်တွေ့ဆုံသည့်ပွဲစဉ်များတွင် ဗလင်စီယာသည် မန်စီးတီးမှ နာဗတ်စ်၊ ချယ်လ်ဆီးမှ ရှိုရာ၊ လီဗာပူးလ်မှ စတာလင်တို့ကို တစ်ဦးချင်းတွေ့ဆုံရာ၌ အသာစီးမရခဲ့ဘဲ အမြဲကျော်ဖြတ်ခံခဲ့ရကြောင်း မှတ်တမ်းများက ဖော်ပြလျက်ရှိနေသည်။ သို့ဖြစ်ရာ ၎င်းတို့အနေဖြင့် မန်ယူအသင်းနှင့် လမ်းခွဲရရန်နီးစပ်နေပြီဖြစ်ကြောင်း Daily Mail ကဖော်ပြခဲ့သည်။

မန်ယူအသင်း၏ ယာယီနည်းပြ ရိုင်ယန်ဂစ်ကမူ ဗန်ဟားလ်ရောက်ရှိလာပါက လက်ရှိအသင်း၏ ယာယီနည်းပြအဖွဲ့ဖြစ်သော ၉၂မျိုးဆက် ဂန္တဝင်ကစားသမားများကို အသင်းတွင်ဆက်လက်ထားရှိပြီး လက်တွဲစေရန်ဆန္ဒရှိနေကြောင်းသိရှိရသည်။ ရိုင်ယန်ဂစ်သည် မိုယက်စ်ထုတ်ပယ်ခံရပြီးနောက် မန်ယူအသင်းကို နစ်ကီဘတ်၊ ဖီးလ်နဗီးလ်၊ ပေါလ်စခိုးလ်အစရှိသည့် သူ၏အသင်းဖော်ဟောင်းများနှင့်လက်တွဲကာ ကိုင်တွယ်လျက်ရှိနေခြင်းဖြစ်သည်။ အကယ်၍ နည်းပြသစ်တစ်ဦးရောက်ရှိလာပါကလည်း ယင်း ၉၂မျိုးဆက်နည်းပြအဖွဲ့ကိုဆက်လက်ထားရှိမည်ဆိုပါက အကူအညီများစွာရရှိနိုင်သည်ဟု ရိုင်ယန်ဂစ်က ပြောကြားခဲ့သည်။ ယင်း ၉၂မျိုးဆက်နည်းပြအဖွဲ့ကို အသင်းတွင် ဆက်လက်ထားရှိရန် မန်ယူနည်းပြဟောင်းဖာဂူဆန်လည်းဆန္ဒရှိနေပြီး မန်ယူအသင်းဘုတ်အဖွဲ့ကမူ ဗန်ဟားလ်ကို စိတ်ကြိုက်ဆုံးဖြတ်ခွင့်ပေးသွားမည်ဖြစ်ကြောင်း Daily Mail က ဖော်ပြခဲ့သည်။

# မော်ရင်ဟိုနှင့်အေဘရာမိုဗစ်ချ်အကြား ဒုတိယအကြိမ် အက်ကြောင်းစတင်ဖွယ်ရှိ

## မော်ရင်ဟို၏အပြုအမူ၊ အတွေးအခေါ်များကို မိုဗစ်ချ်မနှစ်သက်တော့ဟု Daily Mail သတင်းစာဖော်ပြ



Photo : Daily Mail

ချယ်လ်ဆီးအသင်းတွင် အသင်းပိုင်ရှင်အေဘရာမိုဗစ်ချ်နှင့် အသင်းနည်းပြမော်ရင်ဟိုတို့ အကြားနောက်ထပ်အက်ကြောင်းတစ်ခု စတင်ဖွယ်ရှိကြောင်း ဗြိတိန်သတင်းစာ Daily Mail ၌ ဆောင်းပါးရှင်မက်လော်တန်က ဖော်ပြခဲ့သည်။

ချယ်လ်ဆီးအသင်းတွင် မိမိ၏စိတ်ခံစားမှုကို များစွာထုတ်ဖော်ပြသလေ့မရှိဘဲ နည်းပြများကို သွေးအေးအေးထုတ်ပယ်တတ်သည့် အေဘရာမိုဗစ်ချ်သည် ယခု၂၀၁၃-၁၄ ဘောလုံးရာသီတွင် မော်ရင်ဟို၏ပြုမှုပြောဆိုပုံများ၊ အတွေးအခေါ် အယူအဆများကို သဘောမတွေ့ဖြစ်နေကြောင်း ဆောင်းပါးရှင်က ရေးသားဖော်ပြခဲ့သည်။ အထူးသဖြင့် ပြိုင်ဘက်အသင်းများနှင့် ပြိုင်ပွဲတာဝန်ရှိသူများကို မခန့်လေးစားပုံစံမျိုးနှင့် ရန်လိုတတ်သည့် မော်ရင်ဟို၏ အပြုအမူများကို အေဘရာမိုဗစ်ချ်က စိတ်ပျက်လျက်ရှိနေပြီး၊ ယခုနောက်ဆုံး မိမိကစားသမားများနှင့်ပါ အချေအတင်ဖြစ်လာသည့်အနေအထားမျိုးကို မိုဗစ်ချ်က ဒေါသထွက်နေကြောင်းသိရှိရသည်။ အေဘရာမိုဗစ်ချ်သည် ချယ်လ်ဆီးအသင်း ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့်အထိ တက်ရောက်ခဲ့စဉ်က မော်ရင်ဟို၏ လက်ရှိပုံစံကို စိတ်ရှည်သည်းခံခဲ့သော်လည်း ချန်ပီယံလိဂ်မှထွက်ခဲ့ရပြီး ဖလားလက်မဲ့ရာသီကို(၄)နှစ်အတွင်းပထမဆုံးအကြိမ်အဖြစ်ကြုံတွေ့ရသည့်အခါတွင် သူ၏သည်းခံမှုများ ကုန်ဆုံးလာဖွယ်ရှိကြောင်း ဆောင်းပါးရှင်ကရေးသားခဲ့သည်။ မော်ရင်ဟိုသည် မကြာသေးမီက ကစားသမားများဖြစ်သည့် ဟာဇက်၊ အော်စကာတို့နှင့်မပြေလည်မှုများရှိခဲ့ရာ ယင်းဖြစ်ရပ်များကိုလည်း မိုဗစ်ချ်ကစိတ်ပျက်နေကြောင်းသိရှိရသည်။ ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခဲ့ရအပြီးတွင် ဟာဇက်သည် မော်ရင်ဟို၏နည်းစနစ်များကိုဝေဖန်ခဲ့ပြီး မော်ရင်ဟိုကလည်း ဟာဇက်နှင့်မိုဗစ်ချ်၏အကြိုက်ဆုံးကစားသမားတစ်ဦးဖြစ်သောအော်စကာတို့ကို အသင်းအတွက်အပြည့်အဝကစားပေးခြင်းမရှိဟု အပြန်အလှန်တုံ့ပြန်ပြစ်တင်ခဲ့သည်။

နည်းပြများကိုထုတ်ပယ်ရာတွင် မည်သည့်အရာကိုမှ ထောက်ထားခဲ့ခြင်းမရှိသည့်မိုဗစ်ချ်အနေဖြင့် လက်ရှိအချိန်တွင် မော်ရင်ဟိုကို အသင်းမှထုတ်ပယ်ရန်အထိ စဉ်းစားမည်မဟုတ်သော်လည်း မော်ရင်ဟိုအနေဖြင့် လာမည့်ရာသီတွင် ချယ်လ်ဆီးအသင်းကိုကိုင်တွယ်ရလျှင်လည်း ဖိအားများစွာဖြင့် ကိုင်တွယ်ရမည်ဖြစ်ကြောင်း ဆောင်းပါးရှင်က သုံးသပ်ရေးသားခဲ့သည်။

**အေဘရာမိုဗစ်ချ်လက်ထက် ချယ်လ်ဆီးအသင်းနည်းပြများ**

| နည်းပြ | ကာလ | ပွဲ | နိုင် | သရေ | ရှုံး | နိုင်ပွဲရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| ရာနီရေရီ | ၂၀၀၀-၂၀၀၄ | ၂၀၀ | ၁၀၇ | ၄၆ | ၄၇ | ၅၄% |
| မော်ရင်ဟို | ၂၀၀၄-၂၀၀၇ | ၁၈၅ | ၁၂၄ | ၄၀ | ၂၁ | ၆၇% |
| အေဗရမ်ဂရန့် | ၂၀၀၇-၂၀၀၈ | ၅၄ | ၃၆ | ၁၃ | ၅ | ၆၇% |
| စကိုလာရီ | ၂၀၀၈-၂၀၀၉ | ၃၆ | ၂၀ | ၁၁ | ၅ | ၅၆% |
| ဟစ်ဒင့် | ၂၀၀၉ | ၂၂ | ၁၆ | ၅ | ၁ | ၇၃% |
| အန်ဆယ်လော့တီ | ၂၀၀၉-၂၀၁၁ | ၁၀၉ | ၆၇ | ၂၀ | ၂၂ | ၆၁% |
| ဘိုအက်ရှ် | ၂၀၁၁-၂၀၁၂ | ၄၀ | ၁၉ | ၁၁ | ၁၀ | ၄၈% |
| ဒီမတ်တီယို | ၂၀၁၂ | ၄၂ | ၂၄ | ၉ | ၉ | ၅၇% |
| ဘင်နီတက်ဇ် | ၂၀၁၂-၂၀၁၃ | ၄၈ | ၂၈ | ၁၀ | ၁၀ | ၅၈% |
| မော်ရင်ဟို | လက်ရှိ | ၅၃ | ၃၃ | ၉ | ၁၁ | ၆၂% |

**BRIEF**

❐ နယူးကာဆယ်အသင်းနည်းပြအလန်ပါဂျူးက လီဗာပူးလ်အသင်းနည်းပြဘရန်ဒန်ရော်ဂျာသည် ယခုနှစ်ရာသီအတွက် အကောင်းဆုံးနည်းပြဆုကို ရရှိသင့်သည်ဟု ပြောကြားခဲ့သည်။

❐ ပြင်သစ်ကလပ် စိန့်အက်တီယန်အသင်းနည်းပြ ခရစ္စတိုဖီဂယ်တီယာသည် ပရီးမီးယားလိဂ်ကလပ် နယူးကာဆယ်၊ ဗီလာအသင်းတို့၏နည်းပြဖြစ်လာရန် ရေပန်းစားလျက်ရှိနေကြောင်း သိရသည်။

❐ မန်ယူအသင်း၏ နောက်ခံလူရာဖေးလ်က သူသည် လာမည့်ရာသီတွင် မန်ယူ၌ပင် ဆက်ရှိနေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

❐ ဆွမ်ဆီးအသင်းနည်းပြ ဂယ်ရီမွန့်ခ်က အသင်းခေါင်းဆောင်အက်ရှ်ဝီလီယမ်စ်ကို ပြိုင်ဘက်အသင်းကြီးများကစိတ်ဝင်စားနေသော်လည်း ရောင်းချမည်မဟုတ်ဟုပြောကြားခဲ့သည်။

❐ ခရစ္စတယ်ပဲလေ့စ်အသင်းနည်းပြတိုနီပူးလစ်က သူသည် ပဲလေ့စ်အသင်းတွင်ဆက်ရှိနေရန် အာမမခံနိုင်ဟု ပြောကြားခဲ့သည်။

# ဆွာရက်ဇ် အကောင်းဆုံးဆုများရရှိခြင်းအတွက်
# မော်ရင်ဟို မေးခွန်းထုတ်ဝေဖန်



Photo : PA

ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုသည် ယခုရာသီတွင် ပရော်ဖက်ရှင်နယ်ဘောလုံးသမားအဖွဲ့ချုပ်(PFA)၏အကောင်းဆုံးဆု၊ အင်္ဂလန်ဘောလုံးကလောင်ရှင်များအဖွဲ့ချုပ်(FWA)၏ အကောင်းဆုံးဆုများကို လီဗာပူးလ်တိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်ရရှိခဲ့ခြင်းနှင့်ပတ်သက်၍ ဝေဖန်ပြောကြားလိုက်သည်။

မော်ရင်ဟိုက ပရီးမီးယားလိဂ်ရာသီပိတ်ပွဲစဉ်မတိုင်မီ ယင်းကဲ့သို့ ဝေဖန်လိုက်ခြင်းဖြစ်ပြီး ယင်းဆုများအား ချန်ပီယံအသင်းမှကစားသမားတစ်ဦးဦးကသာရရှိသင့်ကြောင်းလည်း ပြောကြားခဲ့သည်။ မော်ရင်ဟိုက မန်စီးတီးဗိုလ်စွဲခဲ့လျှင် အကောင်းဆုံးဆုကို မန်စီးတီးတိုက်စစ်မှူးဇီကိုကရရှိသင့်ပြီး လီဗာပူးလ်အသင်းဗိုလ်စွဲခဲ့လျှင် လီဗာပူးလ်အသင်းခေါင်းဆောင်ဂျရတ်ကရရှိသင့်ကြောင်း ပွဲစဉ်(၃၈)မတိုင်မီ ပြောကြားခဲ့သည်။

ထို့ပြင် ကွင်းအတွင်း နိုင်ငံပစ်လေ့ရှိသည့် ဆွာရက်ဇ်၏လုပ်ရပ်ကိုလည်း မော်ရင်ဟိုက စောင်းပါးရိပ်ခြည်ပြောကြားခဲ့ပြီး မန်စီးတီးတိုက်စစ်မှူးဇီကိုသည် နိုင်ငံပစ်တတ်သူတစ်ဦးမဟုတ်သလို၊ ပြိုင်ဘက်ကိုအနိုကတ်ပြခံရအောင် ပြုလုပ်လေ့ရှိသူမဟုတ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

## ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် အိုဗီဒို လွဲချော်

အဲဗာတန်အသင်းမှ ကော်စတာရီကာနောက်ခံလူအိုဗီဒိုသည် ဒဏ်ရာကြောင့် လာမည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်ပါဝင်နိုင်မည်မဟုတ်ကြောင်း သိရသည်။ အိုဗီဒိုသည် ယခုနှစ်ဇန်နဝါရီလအတွင်းက စတီဗန်နေ့ချ်အသင်းနှင့် ကစားခဲ့သော FA ဖလားပွဲတွင် ခြေထောက်ကျိုးခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်အထိ အနားယူနေရခြင်းဖြစ်သည်။ အိုဗီဒိုအနေဖြင့် ကမ္ဘာ့ဖလားမတိုင်မီ ဒဏ်ရာမှ ပြန်လည်သက်သာလာရန်မဖြစ်နိုင်တော့ဘဲ ယင်းပြိုင်ပွဲနှင့်လွဲချော်ရန်သေချာသွားပြီဖြစ်ကြောင်းသိရသည်။

## လူကာကူနေရာ ဒမ်ဘာဘားကို အဲဗာတန် ပစ်မှတ်ထား

အဲဗာတန်အသင်းသည် ချယ်လ်ဆီးအသင်းထံမှအငှားခေါ်ယူထားသည့် ဘယ်လ်ဂျီယံတိုက်စစ်မှူးလူကာကူ၏နေရာတွင်အစားထိုးရန် ချယ်လ်ဆီးတိုက်စစ်မှူးဒမ်ဘာဘားကို ပစ်မှတ်ထားနေကြောင်းသိရသည်။ လူကာကူသည် အဲဗာတန်အသင်းတွင် တစ်ရာသီအငှားလာရောက်ကစားပြီးနောက် ချယ်လ်ဆီးသို့ပြန်လည်ပြောင်းရွှေ့ကစားရန်စီစဉ်နေသဖြင့် အဲဗာတန်အသင်းက ချယ်လ်ဆီးမှ ဒမ်ဘာဘားကို ပေါင်(၁၀)သန်းဝန်းကျင်ဖြင့် ပြန်လည်ခေါ်ယူရန်ပစ်မှတ်ထားနေခြင်းဖြစ်ကြောင်း သိရသည်။

## လယ်လာနာ လီဗာပူးလ်ရောက်ရန် နီးစပ်နေ

ဆောက်သမ်တန်အသင်း၏ အင်္ဂလန်ကွင်းလယ်လူ လယ်လာနာသည် ပရီးမီးယားလိဂ်အသင်းကြီးဖြစ်သည့်လီဗာပူးလ်အသင်းသို့ ပေါင်သန်း(၂၀)ဖြင့် ရောက်ရှိရန်နီးစပ်နေပြီဖြစ်ကြောင်း ဗြိတိန်သတင်းစာများကဖော်ပြခဲ့ကြသည်။ ယခုနှစ်ရာသီတွင် ဆောက်သမ်တန်အသင်း၏ အကောင်းဆုံးကစားသမားဆုအပါအဝင် ဆု(၄)ခုရရှိထားသော လယ်လာနာသည် ဆောက်သမ်တန်အကယ်ဒမီမှပေါ်ထွက်လာသည့်ကစားသမားတစ်ဦးဖြစ်ပြီး ဆောက်သမ်တန်အသင်းက သူ့အားမရောင်းချလိုသော်လည်း ပေါင်သန်း(၂၀)မှာ အပြောင်းအရွှေ့ကိုဖြစ်ပေါ်စေလိမ့်မည်ဟု ဗြိတိန်မီဒီယာများက ဖော်ပြကြသည်။

First Eleven Sports Journal Vol:14 No.49 15, May, 2014

## ကိုစီယယ်လ်နီအား စာချုပ်သက်တမ်းတိုး

အာဆင်နယ်အသင်းသည် အသင်းနောက်ခံလူ ကိုစီယယ်လ်နီအား နှစ်ရှည်စာချုပ်သစ်ချုပ်ဆိုခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ပြင်သစ်နောက်ခံလူ ကိုစီယယ်လ်နီသည် ယခုနှစ်ရာသီတွင် မာတီဆက်ကာနှင့် တွဲဖက်ကာ အကောင်းဆုံးကစားနိုင်ခဲ့သူဖြစ်ပြီး ၎င်းပါဝင်ကစားခဲ့သည့် ပရီးမီးယားလိဂ်(၃၁)ပွဲတွင် (၁၅)ပွဲ ပေးဂိုးမရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့သည်။ အာဆင်နယ်အသင်းအနေဖြင့် ကိုစီယယ်လ်နီ၏ စာချုပ်သက်တမ်းကိုမူ ထုတ်ပြန်ကြေညာခဲ့ခြင်း မရှိပဲသိရသည်။

## ကမ္ဘာ့ဖလားတွင် ဖီးလ်ဂျုံးစ်ပါဝင်နိုင်မည်

မန်ယူအသင်းနောက်ခံလူ ဖီးလ်ဂျုံးစ်သည် လာမည့်ကမ္ဘာ့ဖလားပြိုင်ပွဲတွင်ပါဝင်နိုင်မည်ဖြစ်ကြောင်း ယာယီနည်းပြဖြစ်သူရိုင်ယန်ဂစ်က အတည်ပြုပြောကြားခဲ့သည်။ ဖီးလ်ဂျုံးစ်သည် ပြီးခဲ့သည့်ရက်ပိုင်းက ဟားလ်စီးတီးနှင့်ကစားခဲ့သောပွဲတွင် ပခုံးအဆစ်လွဲသည့်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ဆေးရုံသို့ချက်ချင်းတင်ပို့ခဲ့ရသည်။ ဖီးလ်ဂျုံးစ်၏ ဒဏ်ရာအား ဆေးစစ်မှုများပြုလုပ်ခဲ့ပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲတွင်ပါဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

## FAဖလားကိုအရယူမည်ဟု မာတီဆက်ကာ ကြုံးဝါး

အာဆင်နယ်အသင်း နောက်ခံလူ မာတီဆက်ကာက လာမည့် FA ဖလားဖိုင်နယ်ပွဲတွင်အနိုင်ယူပြီး ယခုနှစ်ရာသီ၌ မိမိတို့အသင်း ရင်ဆိုင်ခဲ့ရသည့် ရလဒ်ဆိုးများကို ချေဖျက်သွားမည်ဖြစ်ကြောင်းကြုံးဝါးခဲ့သည်။ အာဆင်နယ်အသင်းသည် (၉)နှစ်ဆက်ဖလားလက်မဲ့ရာသီနှင့် မကြုံတွေ့ရစေရန် FA ဖလားကိုအရယူရန် လိုအပ်နေပြီး မာတီဆက်ကာက မိမိတို့အသင်းသည် ယခုနှစ်တွင်ရလဒ်ဆိုးများနှင့်ကြုံတွေ့ခဲ့ကြောင်း၊ ၂၀၀၅ ခုနှစ်နောက်ပိုင်း ဖလားလက်မဲ့ဖြစ်နေမှုကိုအဆုံးသတ်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

## ငွေကြေးများစွာသုံးစွဲရန် ပိုချက်တီနို တောင်းဆို

ဆောက်သမ်တန်အသင်း နည်းပြ ပိုချက်တီနိုက ပရီးမီးယားလိဂ်တွင် မိမိတို့အသင်း ထိပ်သီးအသင်းများနှင့်ယှဉ်ပြိုင်နိုင်ရန်အတွက်ငွေကြေးအမြောက်အမြားသုံးစွဲရန် လိုအပ်ကြောင်းတောင်းဆိုခဲ့သည်။ ပိုချက်တီနိုသည် ယခုနှစ်ရာသီတွင်ဆောက်သမ်တန်အသင်းအား (၂၄)နှစ်အတွင်းအကောင်းဆုံးရပ်တည်မှုအဖြစ် ပရီးမီးယားလိဂ်တွင် အဆင့်(၈)နေရာရယူပေးခဲ့သူဖြစ်ပြီး အသင်းမှအဓိကကစားသမားများဖြစ်သည့် လယ်လာနာနှင့် လုခ်ရှောတို့ထွက်ခွာသွားပါက ကစားသမားသစ်များဖြင့်အားဖြည့်ရန်ဆန္ဒရှိနေခြင်းဖြစ်သည်။

# မန်ယူအသင်း၏ တစ်နှစ်တာအကောင်းဆုံးဆု(၂)ခုအား ရွှန်နီ၊ ဗန်ပါစီတို့ကိုကျော်ဖြတ်၍ ဂိုးသမားဒီဂီယာ ဆွတ်ခူး

## ဝက်စ်ဟမ်းဘက်သို့ ရွှန်နီသွင်းယူခဲ့သောဂိုးအား အကောင်းဆုံးဂိုးအဖြစ်ရွေးချယ်



အကောင်းဆုံးဆုများ နှင့်အတူ မန်ယူ ဂိုးသမားဒီဂီယာကို တွေ့ရစဉ်

Photo : vcooz.com



အကောင်းဆုံးသွင်းဂိုးဆုချီ ရူနီ

ယခုနှစ်အတွက် မန်ယူအသင်း၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုများအား တိုက်စစ်မှူးရွှန်နီ၊ ဗန်ပါစီတို့ကိုကျော်ဖြတ်၍ ဂိုးသမား ဒီဂီယာက ဆွတ်ခူးရရှိခဲ့ကြောင်းသိရသည်။

မန်ယူအသင်းသည် နှစ်စဉ်ကျင်းပနေကျဖြစ်သည့် အကောင်းဆုံးဆုချီးမြှင့်ပွဲအခမ်းအနားကို ပြီးခဲ့သည့်ကြာသပတေးနေ့ကပြုလုပ်ခဲ့ပြီး ဒီဂီယာမှာ ပရိသတ်များက မဲပေးရွေးချယ်သည့် ဆာမတ်ဘတ်စ်ဘီအကောင်းဆုံးဆုနှင့် ကစားသမားများကရွေးချယ်သည့် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုတို့ကိုရရှိခဲ့ခြင်းဖြစ်သည်။ ဒီဂီယာသည် ပရိသတ်များက မဲပေးရွေးချယ်သည့်ဆုတွင် မဲအရေအတွက်(၅၄%)အထိ ရရှိခဲ့ပြီး ရွှန်နီ(ဒုတိယ)၊ ယာနူဇေး(တတိယ)တို့ကိုကျော်ဖြတ်ကာဆွတ်ခူးနိုင်ခဲ့သည်။ အသက်(၂၄)နှစ်သာရှိသေးသူ စပိန်ဂိုးသမားဒီဂီယာသည် ယခုနှစ်ရာသီတွင် အသင်းအတွက် အကောင်းဆုံးလက်စွမ်းပြခဲ့ရာ ယခုကဲ့သို့ အကောင်းဆုံးဆုများကိုဆွတ်ခူးရရှိခဲ့ခြင်းလည်းဖြစ်သည်။ ဒီဂီယာက "ပရိသတ်တွေကို ကျေးဇူးတင်စကားပြောလိုပါတယ်။ မန်ယူကိုစရောက်တဲ့အချိန်ကစပြီး သူတို့ဟာ ကျွန်တော့်အပေါ် အားပေးခဲ့ကြတဲ့အတွက်လည်း ပျော်ရွှင်ရပါတယ်။ နောက်ပြီး အသင်းဖော်တွေရွေးချယ်တဲ့ အကောင်းဆုံးကစားသမားဆုကို ရရှိခဲ့တဲ့အတွက်လည်း ပျော်ရွှင်မိသလို၊ ဂုဏ်လည်း ယူမိပါတယ်"ဟု ပြောကြားခဲ့သည်။

| ၂၀၁၃-၁၄ရာသီ မန်ယူအသင်း၏တစ်နှစ်တာအကောင်းဆုံးဆုရရှိသူများ | | |
|---|---|---|
| ဆာမတ်ဘတ်စ်ဘီတစ်နှစ်တာအကောင်းဆုံးဆု | - | ဒေးဗစ်ဒီဂီယာ |
| ကစားသမားများရွေးချယ်သည့်အကောင်းဆုံးဆု | - | ဒေးဗစ်ဒီဂီယာ |
| ယခုနှစ်ရာသီအကောင်းဆုံးသွင်းဂိုး | - | ရွှန်နီ(ဝက်စ်ဟမ်း-မန်ယူ) |
| အရန်အသင်းမှအကောင်းဆုံးကစားသမားဆု | - | ဆိုင်ဒီယန်ကို |
| အကယ်ဒမီအသင်းမှ အကောင်းဆုံးကစားသမားဆု | - | ဂျိမ်းစ်ဝီလ်ဆင် |
| တစ်သက်တာအကောင်းဆုံးဆု | - | ရိုင်ယန်ဂစ် |

ထို့ပြင် အဆိုပါဆုပေးပွဲအခမ်းအနား၌ ယခုနှစ်ရာသီ အကောင်းဆုံးသွင်းဂိုးအဖြစ် ပြီးခဲ့သည့်မတ်လအတွင်းကဝက်စ်ဟမ်းနှင့်ကစားခဲ့သောပွဲတွင် ကိုက်(၆၀)အကွာက သွင်းယူခဲ့သည့် ရွှန်နီ၏ဂိုးအားရွေးချယ်ခဲ့ကြပြီး မဲအရေအတွက်(၅၈%)အထိရရှိခဲ့ကြောင်းသိရသည်။ ထို့အတူ အကယ်ဒမီအသင်းမှ တစ်နှစ်တာအကောင်းဆုံးဆုကိုမူ ပြီးခဲ့သည့်တစ်ပတ်က ဟားလ်စီးတီးနှင့်ပွဲတွင် မန်ယူအသင်းအတွက်ခြေစွမ်းပြကာ အနိုင်ဂိုး(၂)ဂိုးသွင်းယူခဲ့သည့် လူငယ်ကစားသမားဂျိမ်းစ်ဝီလ်ဆင်ကဆွတ်ခူးရရှိခဲ့ကြောင်းလည်းသိရသည်။

# အင်္ဂလန်အသင်းမှ ကစားသမားများကို ပရင်ဒယ်လီလှောင်ပြောင်

## မိမိ၏ အသင်းတွင်ဆိုပါက ၎င်းတို့ကိုတစ်ဦးမှရွေးချယ်မည်မဟုတ်ဟုဆို

အီတလီအသင်း နည်းပြပရင်ဒယ်လီသည် အင်္ဂလန်အသင်းကစားသမားများကို လှောင်ပြောင်ပြောဆိုမှုပြုလုပ်ခဲ့ကြောင်းသိရသည်။

ပရင်ဒယ်လီက အင်္ဂလန်အသင်းတွင် ခြေစွမ်းကောင်းသည့်ကစားသမားအချို့ရှိသော်လည်း၊ မိမိအသင်းအတွက် ရွေးချယ်ခွင့်ရမည်ဆိုပါက ၎င်းတို့ကိုတစ်ဦးမှ ရွေးချယ်မည်မဟုတ်ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။ အီတလီအသင်းသည် ၂၀၁၄ကမ္ဘာ့ဖလားအုပ်စုအဖွင့်ပွဲအဖြစ် အင်္ဂလန်အသင်းနှင့် ဇွန်လ(၁၄)ရက်နေ့တွင် စတင်ကစားရမည်ဖြစ်ပြီး ပရင်ဒယ်လီမှာ အင်္ဂလန်အသင်းနည်းပြဟော့ဒ်ဆန်အား စကားစစ်ထိုးမှုများ စတင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ပရင်ဒယ်လီက "ဟော့ဒ်ဆန်ဟာ စိတ်ဝင်စားစရာကောင်းတဲ့ကစားသမားတချို့ကို ပိုင်ဆိုင်ထားပါတယ်။ သူတို့တွေဟာ နည်းစနစ်ပိုင်းရော၊ ကြံ့ခိုင်မှုပိုင်းမှာပါ အကောင်းဆုံးအနေအထားရှိနေပြီး အလားအလာရှိတဲ့ လူငယ်ကစားသမားတွေလည်းရှိပါတယ်။ ဒါပေမဲ့ ကျွန်တော့်အသင်းက ကစားသမားတွေနေရာမှာ သူတို့ကိုအစားထိုးခွင့်ရမယ်ဆိုရင်တောင် အဲဒီလိုလုပ်မှာမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့အသင်းဟာ တောင့်တင်းမှုရှိပြီးသားအသင်းတစ်သင်းဖြစ်နေလို့ပါ"ဟုပြောကြားခဲ့သည်။



Photo : AFP

## BRIEF

- ❐ လီဗာပူးလ်အသင်းသည် ၎င်းတို့၏ဂိုးသမားမစ်ဂနိုလက်၏ အရန်အဖြစ်ထားရှိရန် ဆွမ်ဆီးဂိုးသမား မီချယ်ဗွန်းအား ပေါင်(၅)သန်းဖြင့် ခေါ်ယူလိုနေကြောင်း သိရသည်။
- ❐ နယူးကာဆယ်နှင့်စာချုပ်သက်တမ်း(၂)နှစ်ကျန်ရှိနေသည့် နောက်ခံလူစတီဗင်တေလာကို ဗီနာဘာချီအသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိနေကြောင်းသိရသည်။
- ❐ ဝက်စ်ဟမ်းအသင်းကွင်းလယ်လူ ကီဗင်နိုလန်က ဗိုအားများနှင့်ရင်ဆိုင်နေရသည့် နည်းပြအလာဒိုက်စ်ကို မိမိတို့ကစားသမားများအားလုံး ထောက်ခံကြောင်းပြောကြားခဲ့သည်။
- ❐ ဖူလ်ဟမ်အသင်းနည်းပြဖီလစ်မာဂတ်က စပါးအသင်းကွင်းလယ်လူဟော့ဘီကို အငှားဖြင့်ခေါ်ယူခဲ့ခြင်းမှာ မှားယွင်းသည့်လုပ်ရပ်ဖြစ်ခဲ့ကြောင်းဝန်ခံခဲ့သည်။

# လူမျိုးရေးခွဲခြားခဲ့သည့် ဗီလာရီးယဲယ်အသင်းအပေါ် ပြစ်ဒဏ် ကြီးကြီးမားမားချမှတ်ရန် စပိန်အစိုးရနှင့်အားကစားဝန်ကြီးတောင်းဆို

ပြီးခဲ့သည့် ဧပြီလ(၂၇)ရက်နေ့က ကစားခဲ့သည့် ဗီလာရီးယဲယ်-ဘာစီလိုနာပွဲစဉ်တွင် ဘာစီလိုနာနောက်ခံလူ အဲလ်ဗတ်စ်အား ငှက်ပျောသီးဖြင့် ပစ်ပေါက်ခဲ့ကာ လူမျိုးရေးခွဲခြားခဲ့သော ဗီလာရီးယဲယ်ပရိသတ်၏ လုပ်ရပ်နှင့်ပတ်သက်၍ သက်ဆိုင်ရာ ဗီလာရီးယဲယ်အသင်းအပေါ် ပြစ်ဒဏ်ကြီးကြီးမားမား ချမှတ်ရန် စပိန်အစိုးရနှင့်စပိန်အားကစားဝန်ကြီး မီဂွယ်လ်ကာဒီနယ်လ်တို့က တောင်းဆိုခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် စပိန်ဘောလုံးအဖွဲ့ချုပ် (RFEF) သည် အဆိုပါဖြစ်ရပ်အတွက် ဗီလာရီးယဲယ်အသင်းအား ဒဏ်ငွေယူရို(၁၂၀၀၀) ပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ သို့သော် ယင်းပြစ်ဒဏ်မှာ လူမျိုးရေးခွဲခြားခဲ့သည့် လုပ်ရပ်နှင့် နှိုင်းယှဉ်ပါက လုံလောက်သည့် ပြစ်ဒဏ်မျိုးမဟုတ်ကြောင်း စပိန်အစိုးရနှင့် စပိန်အားကစားဝန်ကြီး ကာဒီနယ်လ်တို့က ယူဆလျက်ရှိသည်။ စပိန်အစိုးရ၏ အတွင်းဝန်ရုံး လက်အောက်ခံ အကြမ်းဖက်မှုဆန့်ကျင်ရေးကော်မရှင်က စပိန်ဘောလုံးအဖွဲ့ချုပ်၏ ဗီလာရီးယဲယ်အသင်းအပေါ် ချမှတ်ခဲ့သောပြစ်ဒဏ်မှာ ပြန်လည်ဆန်းစစ်ရန် လိုနေကြောင်းနှင့် ယင်းကဲ့သို့ လျော့ပါးသည့် ပြစ်ဒဏ်မျိုးသာ ချမှတ်နေပါက ဘောလုံးပွဲများတွင် လူမျိုးရေးခွဲခြားမှုများ ပိုမိုဖြစ်ပေါ်လာနိုင်ကြောင်း ဝေဖန်ခဲ့သည်။

ထို့ပြင် စပိန်အားကစားဝန်ကြီး မီဂွယ်လ်ကာဒီနယ်လ်ကလည်း " ဒီပြစ်ဒဏ်က အရမ်းကို နည်းလွန်းပါတယ်။ ပြစ်ဒဏ်က နည်းရတဲ့ကြားထဲ အယူခံဝင်ခွင့်ပါပေးထားတာက စိတ်ပျက်စရာပါ။ ကျွန်တော့်အထင်တော့ လူမျိုးရေးခွဲခြားမှုတွေအတွက် ပြင်းထန်တဲ့အရေးယူမှုတွေ လုပ်သင့်ပါတယ်။ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်းမှာ ဒီလိုကိစ္စတွေ ကင်းစင်သွားအောင် ကြိုးစားရမှာဖြစ်ပါတယ်။ ဒါပေမဲ့ အခုလို ပြစ်ဒဏ်မျိုးသာ ချမှတ်ခဲ့တော့ စပိန်ဘောလုံးလောကအတွင်းမှာ လူမျိုးရေးခွဲခြားမှုတွေ နည်းလာမလား၊ များလာမလားဆိုတာ စဉ်းစားဆွေးနွေးစရာပါ။ ကျွန်တော်တို့အားလုံးရှိသမျှ အားတွေနဲ့ လူမျိုးရေးခွဲခြားမှုကို တွန်းလှန်သွားရမှာပါ"ဟု စပိန်ရုပ်သံနှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။ စပိန်ဘောလုံးလောကအတွင်းမှ လူမျိုးရေးခွဲခြားမှုများကို စပိန်ဘောလုံးအဖွဲ့ချုပ် (RFEF) ၏ ကိုင်တွယ်ဖြေရှင်းပုံနှင့်ပတ်သက်၍ စပိန်မီဒီယာများက ဝေဖန်ရေးသားခြင်းများ မကြာခဏပြုလုပ်ခဲ့ဖူးကြောင်း သိရသည်။




**လူမျိုးရေးခွဲခြားခဲ့သည့် ဗီလာရီးယဲယ်ပရိသတ်ကို အလုပ်ပြန်ပေးရန် အဲလ်ဗတ်စ်တိုက်တွန်း**

ဘာစီလိုနာအသင်းနောက်ခံလူ အဲလ်ဗတ်စ်က ၎င်းအား လူမျိုးရေးခွဲခြားခဲ့သည့်ပရိသတ်အား အလုပ်ပြန်ပေးရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။ ဒေးဗစ်ကမ်ပါရီယာ အမည်ရသူ အဆိုပါပရိသတ်သည် ဗီလာရီးယဲယ်ဂျူနီယာအသင်းတွင် ဝန်ထမ်းတစ်ဦးအဖြစ် ဆောင်ရွက်နေသူဖြစ်ပြီး ၎င်း၏လူမျိုးရေးခွဲခြားခဲ့သည့် လုပ်ရပ်ကြောင့် အလုပ်ဆုံးရှုံးခဲ့ရသလို ဗီလာရီးယဲယ်အသင်းအဖွဲ့မှလည်း ထုတ်ပယ်ခံခဲ့ရသည်။

## မက်ဆီအား ယူရိုသန်း(၂၅၀)ဖြင့် ဘာစီလိုနာရောင်းချမည်ဟု သတင်းထွက်ပေါ်

ဘာစီလိုနာအသင်းသည် အဓိကတိုက်စစ်မှူး မက်ဆီအား ယူရိုသန်း(၂၅၀)ဖြင့် ရောင်းချသွားရန် စီစဉ်နေကြောင်း စပိန်နာမည်ကြီးသတင်းစာ AS ကဖော်ပြခဲ့သည်။ ဘာစီလိုနာအသင်းအနေဖြင့် မက်ဆီအတွက် ရောင်းချ၍ ရမည့်ငွေကြေးများထဲမှ (၁၀)ရာခိုင်နှုန်းအား ကာယကံရှင်ဖြစ်သူ မက်ဆီအား ပေးချေသွားရန် စီစဉ်ထားကြောင်းလည်း အဆိုပါသတင်းစာက ဖော်ပြခဲ့သည်။ AS သတင်းစာ၏ ဖော်ပြချက်အရ ဘာစီလိုနာအသင်းသည် မက်ဆီ၏ ဖခင်ထံသို့ အဆိုပါကမ်းလှမ်းချက်အား အီးမေးလ်ဖြင့် ပေးပို့အသိပေးခဲ့ကြောင်း သိရသည်။ ယင်းသတင်းများကြောင့် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ထွက်ပေါ်ခဲ့သော မက်ဆီနှင့် ဘာစီလိုနာအသင်းတို့ စာချုပ်သစ်ချုပ်ဆိုမည့် ကိစ္စမှာ မရေမရာပြန်ဖြစ်သွားခဲ့ရသည်။ မက်ဆီအား ခေါ်ယူရန် PSG ၊ မန်စီးတီးအစရှိသည့် အပြောင်းအရွှေ့ဈေးကွက်တွင် ငွေသုံးကြဲသည့်အသင်းနှစ်သင်းက စိတ်ဝင်စားလျက်ရှိသည်။

## Brief

❒ အက်သလက်တီကိုအသင်းမှ ဘရာဇီးလ်ကွင်းလယ်လူ ဒီယေဂိုသည် ရာသီကုန်တွင် ဆန်းတို့စ်အသင်း၌ ပြန်လည်ကစားဖွယ်ရှိနေကြောင်း သိရသည်။

❒ ဟော်လန်ကလပ်အေဂျက်စ်အသင်းတွင် တစ်ရာသီ အငှားကစားခဲ့သူ တိုက်စစ်မှူး ကာကစ်သည် လာမည့်ရာသီတွင် ဘာစီလိုနာ၌ပြန်ကစားမည်ဖြစ်သည်။

❒ ဘာစီလိုနာနောက်ခံလူအဲလ်ဗတ်စ်သည် ရာသီကုန်တွင် လက်ရှိအသင်းမှ ထွက်ခွာရန်နီးစပ်နေပြီး PSG အသင်းသို့ ပြောင်းရွှေ့ဖွယ်ရှိနေကြောင်း သိရသည်။

❒ ရီးယဲယ်တိုက်စစ်မှူး စီရော်နယ်လ်ဒိုက ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် ဂိုးသွင်းယူရန် ပစ်မှတ်ထားနေသော်လည်း အသင်းချန်ပီယံဖြစ်ရေးက ပိုမိုအရေးကြီးကြောင်း ပြောကြားခဲ့သည်။

❒ အက်သလက်တီကိုအသင်းသည် ဥရောပအသင်းကြီးများက စိတ်ဝင်စားနေသည့် အသင်းနောက်ခံလူ မာရန်ဒါအတွက် ပြောင်းရွှေ့ကြေး ယူရိုသန်း(၂၀)သတ်မှတ်ခဲ့ကြောင်း သိရသည်။

❒ ရီးယဲယ်အသင်းနည်းပြ အန်ဆယ်လော့တီက လာမည့်နွေရာသီတွင်မိမိတို့အသင်းအနေဖြင့် လူအင်အားအရေးတကြီးဖြည့်တင်းရန်မလိုကြောင်း ပြောကြားခဲ့သည်။

❒ ဘာစီလိုနာအသင်းခေါင်းဆောင် ပူယိုးလ်အား ခေါ်ယူရန် မေဂျာလိဂ်အသင်းများဖြစ်သည့် နယူးယောက်ရက်ဘူးလ်၊ လော့စ်အိန်ဂျလိစ်၊ LA ဂလက်ဆီနှင့် နယူးယောက်စီးတီးတို့က စိတ်ဝင်စားနေသည်။

❒ ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် ပွဲပယ်ခံထားရသည့်အတွက် အယူခံဝင်ခဲ့သော အလွန်ဆို၏အယူခံအား ဥရောပဘောလုံးအဖွဲ့ချုပ်မှ ပယ်ချခဲ့သည်။



၂၀၁၃ ခုနှစ်အတွက် မြန်မာ့အကောင်းဆုံး အားကစားသမားဆုပေးပွဲကို မေလ(၁၀)ရက်က ရန်ကုန်မြို့မှာကျင်းပခဲ့ပြီး အကောင်းဆုံးအမျိုးသား အားကစားသမားအဖြစ် ဝေဖြိုးအောင်(ဂူရှူး)၊ အကောင်းဆုံးအမျိုးသမီးအားကစားသမားအဖြစ် မေသင်းသင်းအောင်(လေ့လော်) တို့ ရွေးချယ်ခံခဲ့ရတယ်။ ဒီဆုပေးပွဲမှာ အကောင်းဆုံးဆုတွေအပြင် အထူးဂုဏ်ပြုဆု၊ အတိုးတက်ဆုံးအားကစားသမားဆု၊ အတိုးတက်ဆုံးလူငယ်အားကစားသမားဆုနဲ့ အအောင်မြင်ဆုံးအားကစားနည်းဆုတွေကိုလည်း ချီးမြှင့်ခဲ့တာတွေ့ရတယ်။ ၂၀၁၃ ခုနှစ်အတွက် အကောင်းဆုံးဆု တွေ ရွေးချယ်ချီးမြှင့်ခဲ့တာဖြစ်ပြီး တစ်နည်းအား ဖြင့် ၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲမှာ အောင်မြင်မှုရခဲ့သူတွေထဲက အကောင်းဆုံးတွေကို ပြန်လည်ရွေးထုတ်ချီးမြှင့်ခဲ့တယ်လို့ဆိုရမှာဖြစ်တယ်။

အကောင်းဆုံးအမျိုးသားအားကစားသမားဆုရ ဝေဖြိုးအောင်ဟာ ၂၀၁၃ ဆီးဂိမ်းစ်မှာ ရွှေတံဆိပ်(၃)ခု ရရှိခဲ့သူဖြစ်ပါတယ်။ တစ်ဦးချင်းပြိုင်ပွဲကနေ ရွှေ(၂)ဆု၊ နှစ်ယောက်တွဲပြိုင်ပွဲကနေ ရွှေ(၁)ဆု ရယူနိုင်ခဲ့သူပါ။ ၂၀၁၃ ဆီးဂိမ်းစ်မှာ ဝေဖြိုးအောင်ထက်ပိုပြီး ရွှေတံဆိပ်ရယူနိုင်သူ မြန်မာအားကစားသမားတွေရှိခဲ့တယ်။ ဒါပေမဲ့ တစ်ဦးချင်းပွဲစဉ်တွေကနေမဟုတ်တဲ့ လေ့လော်လို၊ ရိုးရာခြင်းလုံးလို အသင်းလိုက်အားကစားနည်းတွေမှာ အောင်မြင်မှုရခဲ့တာဖြစ်ပါတယ်။ ဝေဖြိုးအောင်အနေနဲ့ ၂၀၁၁ ဆီးဂိမ်းစ်မှာလည်း ရွှေတံဆိပ်ရခဲ့သူဖြစ်ပြီး ဆီးဂိမ်းစ်ပြိုင်ပွဲနှစ်ကြိမ်ဆက် ရွှေတံဆိပ်ရယူကာ ၂၀၁၃ အတွက် မြန်မာ့အကောင်းဆုံး အားကစားသမားဆုကိုရရှိခဲ့တာဖြစ်ပါတယ်။ အမျိုးသမီးအကောင်းဆုံးဆုကို ရရှိခဲ့တဲ့မေသင်းသင်းအောင်ဟာ ရိုးရာလေ့လော်ပြိုင်ပွဲတွေကနေ ရွှေတံဆိပ်(၁၀)ခု၊ ကြေး တံဆိပ်(၁)ခု ရရှိခဲ့တယ်။ ၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲရဲ့ တစ်ဦးချင်းပွဲစဉ်တွေကနေ ထူးထူးခြားခြား အောင်မြင်မှုရခဲ့တဲ့ မြန်မာအမျိုးသမီးအားကစားသမားလည်း သိပ်မရှိခဲ့လို့၊ ရွှေတံဆိပ်(၁၀)ဆုရှင် အကောင်းဆုံးဆုရရှိတာ အငြင်းပွားစရာမဖြစ်ခဲ့ပါဘူး။ အထူးဂုဏ်ပြုဆုအဖြစ် ကနူးလှေလော်ပြိုင်ပွဲမှာ ရွှေ(၂)ခု၊ ငွေ(၃)ခု ရရှိခဲ့တဲ့ ဝင်းထိုက်၊ အတိုးတက်ဆုံးအားကစားသမားဆုအဖြစ် ရိုးရာလေ့လော်ပြိုင်ပွဲမှာ ရွှေ(၁၀)ဆုရခဲ့တဲ့ အေးအေးသိန်း၊ အတိုးတက်ဆုံးလူငယ်အားကစားသမားဆုအဖြစ် ဆက်နိုင်အောင်(ရွက်လှေ)တို့ရွေးချယ်ခံရပြီး လှေလော်အားကစားကို ၂၀၁၃ ခုနှစ်အတွက် အအောင်မြင်ဆုံးအားကစားနည်းအဖြစ် ရွေးချယ်သတ်မှတ်ခဲ့တယ်။

# မြန်မာ့အားကစား နှင့် ရှေ့ခရီး

စိုးညီ

၂၀၁၃ မြန်မာအကောင်းဆုံးအားကစားသမားဆုတွေကို ဘယ်သူတွေ ဘာကြောင့်ရတယ်ဆိုတာထက် ၂၀၁၃ မှာ မြန်မာ့အားကစားရဲ့ အနေအထားဘယ်လိုရှိခဲ့သလဲ၊ ၂၀၁၄၊ ၂၀၁၅ တို့မှာ မြန်မာ့အားကစား ဘယ်လောက်အထိ အောင်မြင်မှုတွေ ဖြန့်ကျက်နိုင်မလဲဆိုတာက စိတ်ဝင်စားဖို့ ပိုကောင်းမယ်ထင်ပါတယ်။

၂၀၁၃ ဟာ မြန်မာ့အားကစားအတွက် အောင်မြင်တဲ့နှစ်တစ်နှစ်ဖြစ်ခဲ့တယ်ဆိုတာကို ငြင်းလို့မရပါဘူး။ မြန်မာ့အားကစားရဲ့အောင်မြင်မှုနဲ့ တိုးတက်မှုကို အပိုင်း(၂)ပိုင်းခွဲပြီးပြောလို့ရတယ်။ ပထမတစ်ခုက အားကစားအတွက် မရှိမဖြစ်လိုအပ်တဲ့ အခြေခံအဆောက်အဦတွေ ပေါ်ပေါက်လာပြီး နိုင်ငံတကာအဆင့်အားကစားပြိုင်ပွဲတစ်ရပ်ကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဒုတိယတစ်ချက်က မြန်မာအားကစားသမားတွေရဲ့အရည်အသွေးနဲ့ ရလဒ်ပိုင်း တိုးတက်လာခြင်းဖြစ်ပါတယ်။ ၂၀၁၃ ဆီးဂိမ်းစ်မှာ မြန်မာအားကစားအဖွဲ့က နိုင်ငံအလိုက်ရပ်တည်မှု အဆင့်(၂)နေရာအထိရောက်ခဲ့ပြီး ပြိုင်ဘက်နိုင်ငံတွေအတွက် အံ့အားသင့်စရာဖြစ်ခဲ့တယ်။ ၂၀၁၃ ဆီးဂိမ်းစ်မှာ မြန်မာအားကစားအဖွဲ့ အောင်မြင်မှုရခဲ့တာ အိမ်ရှင်အခွင့်အရေးတစ်ခုတည်းကြောင့်မဟုတ်ပါဘူး။ ပြိုင်ပွဲအတွက် ကြိုတင်ဆောင်ရွက်မှုအပိုင်းတွေ အရင်ကထက်ကောင်းခဲ့သလို၊ စိတ်ပိုင်းဆိုင်ရာမှာလည်း အရင်ကထက်ပိုပြီး ယုံကြည်မှုနိုင်မာခဲ့လို့ဖြစ်ပါတယ်။ ၂၀၁၃ ကတော့ပြီးသွားပြီ။ ၂၀၁၃ မှာ ဂုဏ်ယူဖွယ်အောင်မြင်မှုတွေ ချန်ထားခဲ့နိုင်ပြီ။ ဒါပေမဲ့ မြန်မာ့အားကစားရဲ့ရှေ့ခရီးက မပြီးသေးဘူး။ မြန်မာ့အားကစားရဲ့ တိုးတက်မှုအရှိန်ကို တိုင်းတာအကဲဖြတ်မယ့် နိုင်ငံတကာအားကစားပြိုင်ပွဲကြီးတွေရှိနေပါသေးတယ်။ ၂၀၁၃ ဆီးဂိမ်းစ်မှာ အောင်မြင်မှုရခဲ့တာက ကောက်ရိုးမီးလို အောင်မြင်မှုမဟုတ်ဘဲ ထိုက်ထိုက်တန်တန်အောင်မြင်မှုရခဲ့တယ်ဆိုတာကို သက်သေပြနိုင်ဖို့လိုပါတယ်။ မြန်မာ့အားကစား ဘယ်လောက်အထိလုပ်နိုင်သလဲဆိုတာ အားလုံးက စိတ်ဝင်စားနေကြမှာလဲ သေချာတယ်။ မြန်မာ့အားကစားရဲ့အဆင့်အတန်းကိုတိုင်းတာမယ့် ၂၀၁၄ အာရှအားကစားပြိုင်ပွဲနဲ့ ၂၀၁၅ ဆီးဂိမ်းစ်ပြိုင်ပွဲတို့က မဝေးတော့ဘူး။ ၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲမှာ မြန်မာအားကစားအဖွဲ့တွေဟာ အားကစားနည်း(၂၄)မျိုးကနေ ရွှေတံဆိပ်(၈၆)ခု ဆွတ်ခူးခဲ့တာဖြစ်ပါတယ်။ လာမယ့် စက်တင်ဘာလအတွင်း တောင်ကိုရီးယားနိုင်ငံမှာ ကျင်းပပြုလုပ်မယ့် ၂၀၁၄ အာရှအားကစားပြိုင်ပွဲမှာတော့ မြန်မာအားကစားအဖွဲ့တွေအနေနဲ့ အားကစားနည်း(၁၀)မျိုးလောက်ကိုသာ ပါဝင်ယှဉ်ပြိုင်ဖို့ရှိနေတယ်။ အရှေ့တောင်အာရှနဲ့ အာရှအဆင့်က ကွာဟချက်ကြီးမားတယ်။ ဆီးဂိမ်းစ်မှာ အောင်မြင်မှုရဖို့သိပ်မခက်ပေမယ့် အာရှအားကစားပြိုင်ပွဲမှာအောင်မြင်မှုရဖို့ကတော့ ခက်ခဲတာအမှန်ပါပဲ။ ဒါကြောင့်လည်း အာရှအားကစားပြိုင်ပွဲမှာ အားကစားနည်းအနည်းငယ်ကိုသာ သွားရောက်ယှဉ်ပြိုင်ဖို့ စီစဉ်ထားပုံရပါတယ်။

၂၀၁၅ ဆီးဂိမ်းစ်ပြိုင်ပွဲကို စင်ကာပူနိုင်ငံမှာ ကျင်းပမှာဖြစ်ပြီး မြန်မာအားကစားအဖွဲ့ရဲ့ ဂုဏ်သိက္ခာအတွက် ပိုပြီးအရေးကြီးတဲ့ ပြိုင်ပွဲတစ်ရပ်လို့ဆိုနိုင်တယ်။ ၂၀၁၃ မှာကျင်းပတဲ့ (၂၇)ကြိမ်မြောက်ဆီးဂိမ်းစ်ပြိုင်ပွဲမှာ မြန်မာက အဆင့်(၂)ရတယ်။ ၂၀၁၅ မှာကျင်းပမယ့် (၂၈)ကြိမ်မြောက်ပြိုင်ပွဲကျရင် မြန်မာရဲ့အဆင့် (၆)၊ (၇) အထိပြန်ကျသွားမှာမျိုးတော့ မလိုလားဘူး။ ပြန်မကျရအောင်လည်း ကြိုးစားဖို့အချိန်ရှိပါသေးတယ်။

၂၀၁၃ ဆီးဂိမ်းစ်မှာ မြန်မာအသင်းအောင်မြင်မှုရခဲ့တာ အိမ်ရှင်အခွင့်အရေးတစ်ခုတည်းကြောင့်မဟုတ်ဘူးလို့ ပြောခဲ့ပါတယ်။ တကယ်တော့ မြန်မာအားကစားအဖွဲ့ အောင်မြင်မှုရခဲ့တာ ပြင်ဆင်လေ့ကျင့်မှုကောင်းခဲ့လို့ပါ။ အရင်ဆီးဂိမ်းစ်တွေတုန်းက လေး၊ ငါး၊ ခြောက်လလောက်လေ့ကျင့်ပြီး ပြိုင်ပွဲဝင်ခဲ့တဲ့အားကစားအဖွဲ့တွေတောင် ပြီးခဲ့တဲ့ဆီးဂိမ်းစ်အတွက် နှစ်နှစ်လောက်အချိန်ယူလေ့ကျင့်ပြင်ဆင်ခဲ့လို့ မရဖူးတဲ့ဆုတံဆိပ်တွေ ရခဲ့တာဖြစ်ပါတယ်။ အချိန်ယူလေ့ကျင့်ပြင်ဆင်တဲ့နေရာမှာ ပြည်ပနိုင်ငံတွေကို သွားရောက်ပြီး ပူးတွဲလေ့ကျင့်တာတွေ၊ ပြည်တွင်းမှာ နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲတွေကျင်းပပြီး လက်ရည်စမ်း၊ လက်ရည်သွေးခဲ့တာတွေ၊ နိုင်ငံခြားနည်းပြတွေ လိုအပ်ချက်နဲ့အညီ ခေါ်ယူအသုံးပြုနိုင်ခဲ့တာတွေရှိခဲ့ပါတယ်။

ပွင့်ပွင့်လင်းလင်းဆိုရရင် လက်ရှိ မြန်မာအားကစားရဲ့ ပြင်ဆင်မှု အခြေအနေတွေက ၂၀၁၃ ဆီးဂိမ်းစ်အကြိုကာလနဲ့ယှဉ်ရင် အားရစရာမရှိပါဘူး။ ၂၀၁၄ အာရှအားကစားပြိုင်ပွဲနဲ့ ၂၀၁၅ ဆီးဂိမ်းစ်ပြိုင်ပွဲအတွက် နေပြည်တော်မှာ အားကစားနည်းအချို့ကို စခန်းသွင်းလေ့ကျင့်မှု စနေတယ်ဆိုပေမယ့် ပီပြင်တဲ့အနေအထားတော့ မမြင်ရသေးဘူးလို့ထင်ပါတယ်။

၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ်ကျင်းပလိုက်တဲ့အတွက် အားကစားကွင်း၊ အားကစားရုံတွေ၊ အားကစားအထောက်အကူပြုပစ္စည်းတွေနဲ့ အားကစားသမားတွေက အသင့်အနေအထားမှာရှိနေတယ်လို့ဆိုနိုင်တယ်။ ရှိပြီးသားအခြေခံကောင်းတွေကို စနစ်တကျစီမံခန့်ခွဲပြီး အချိန်ကို အကျိုးရှိအောင်အသုံးချနိုင်ဖို့တော့လိုမယ်ထင်တယ်။ မြန်မာ့အားကစား တိုးတက်မြင့်မားရေးမှာ အားကစားအဖွဲ့ချုပ်တစ်ခုချင်းစီရဲ့ တာဝန်ယူမှုအပိုင်းလိုအပ်သလို ဦးဆောင်ဦးရွက်ဖြစ်တဲ့ အားကစားဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီတို့ရဲ့ အခန်းကဏ္ဍကလည်း အရေးပါတယ်။

အရှိန်ရစ မြန်မာ့အားကစားကို အရှိန်ပြန်ကျစေမယ့်လုပ်ရပ်မျိုးရှောင်ကြဉ်ဖို့လိုပါတယ်။ မြန်မာ့အားကစား အောင်မြင်တိုးတက်ရေးအတွက် အားလုံးမှာတာဝန်ရှိပါတယ်။





First Eleven Sports Journal Vol:14 No.49 15, May, 2014

# ဖီဖာဥက္ကဋ္ဌရွေးကောက်ပွဲဝင်ရန် ဆန္ဒရှိနေဟု ဘလက်တာဝန်ခံ

## ယင်းရာထူးအတွက် ဘလက်တာနှင့်အပြိုင် ပလာတီနီလည်းစိတ်ဝင်စား




ဖီဖာလက်ရှိဥက္ကဋ္ဌ ဘလက်တာနှင့် ဖီဖာဥက္ကဋ္ဌရာထူးကိုစိတ်ဝင်စားနေသည့် ပလာတီနီနှင့်ရှန်ပိန်း

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ဥက္ကဋ္ဌဖြစ်သူ ဘလက်တာက လာမည့် ဥက္ကဋ္ဌရွေးကောက်ပွဲတွင် ဆက်လက်ယှဉ်ပြိုင်သွားရန် ဆန္ဒရှိနေကြောင်း ဝန်ခံပြောကြားခဲ့သည်။

အသက်(၇၈)နှစ်အရွယ်ရှိပြီဖြစ်သူဘလက်တာသည် ဖီဖာတွင် ၁၉၇၅ ခုနှစ်ကတည်းက အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ၁၉၉၈ခုနှစ်တွင် ဖီဖာဥက္ကဋ္ဌရွေးကောက်ပွဲ၌အနိုင်ရခဲ့ကာ လက်ရှိအချိန်အထိ တာဝန်ယူနေသူလည်းဖြစ်သည်။ ဘလက်တာသည် ပြီးခဲ့သည့်နှစ်များအတွင်းက ယခုတစ်ကြိမ်ပြီးလျှင် ဖီဖာဥက္ကဋ္ဌရွေးကောက်ပွဲတွင် ထပ်မံယှဉ်ပြိုင်မည် မဟုတ်တော့ဟု ပြောကြားခဲ့သော်လည်း ယခုအခါ သူ၏ဆန္ဒအား ပြင်ဆင်မည့်အနေအထားရှိနေခြင်းဖြစ်သည်။ ဘလက်တာက "ကျွန်တော် ဖီဖာဥက္ကဋ္ဌအဖြစ် ဆက်လက်တာဝန်ယူလိုပါသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ တချို့ဆောင်ရွက်စရာကိစ္စတွေဟာ မပြီးပြတ်သေးလို့ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ဥက္ကဋ္ဌသက်တမ်းက ကုန်ဆုံးတော့မှာဖြစ်ပေမယ့် ကျွန်တော့်ရဲ့ရည်မှန်းချက်(Mission)တွေကတော့ မပြီးဆုံးသေးပါဘူး"ဟု ပြောကြားခဲ့ကြောင်း ဆွစ်ဇာလန် သ

ဘာဖြစ်လို့လဲဆိုတော့ တချို့
ဆောင်ရွက်စရာ ကိစ္စတွေဟာ
မပြီးပြတ်သေးလို့ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့
ဥက္ကဋ္ဌသက်တမ်းက
ကုန်ဆုံးတော့မှာဖြစ်ပေမယ့်
ကျွန်တော့်ရဲ့ရည်မှန်းချက်(Mission)
တွေကတော့ မပြီးဆုံးသေးပါဘူး"

တင်းစာတစ်စောင်ဖြစ်သည့် Blick ကဖော်ပြခဲ့သည်။ ဖီဖာဥက္ကဋ္ဌ ရွေးကောက်ပွဲကို လာမည့် ၂၀၁၅ခုနှစ်အတွင်းကျင်းပမည်ဖြစ်ပြီး ဘလက်တာအနေဖြင့် ရွေးကောက်ပွဲဝင်မည်ဆိုပါက လာမည့်ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ အတည်ပြုကြေညာသွားဖွယ်ရှိနေသလို၊ ယင်းကိစ္စနှင့်ပတ်သက်၍ ဖီဖာအဖွဲ့ဝင်(၂၀၉)နိုင်ငံက ထောက်ခံခြင်းရှိ၊ မရှိကို မေးမြန်းရမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် လာမည့်၂၀၁၅ ဥက္ကဋ္ဌရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်သူမှာ ဖီဖာအထွေထွေအတွင်းရေးမှူးဟောင်း ဂျရုန်းရှန်ပိန်းတစ်ဦးတည်းသာရှိပြီး ၎င်းကလည်း ဘလက်တာသာ ရွေးကောက်ပွဲဝင်ပြိုင်မည်ဆိုပါက သူနုတ်ထွက်မည်ဟုဆိုခဲ့သည်။

ထို့အတူ လက်ရှိအချိန်တွင် ဥရောပဘောလုံးအဖွဲ့ချုပ် (UEFA) ဥက္ကဋ္ဌပလာတီနီမှာလည်း ဖီဖာဥက္ကဋ္ဌရာထူးကို စိတ်ဝင်စားနေကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိနေပြီး၊ ပလာတီနီက ဘလက်တာကို ယှဉ်ပြိုင်နိုင်မည့်သူမှာ မိမိတစ်ဦးတည်းသာရှိကြောင်း မကြာသေးမီကဝန်ခံပြောဆိုခဲ့သည်။ သို့သော်လည်း ပလာတီနီအနေဖြင့် ဖီဖာဥက္ကဋ္ဌရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ခြင်းရှိ၊ မရှိကိုမူ မဆုံးဖြတ်ရသေးဘဲ ဘလက်တာ၏ အနေအထားပေါ် မူတည်၍ ဆုံးဖြတ်ချက်ချမှတ်သွားမည်ဖြစ်ကြောင်းသိရသည်။

## Brief

❒ ကင်မရွန်းအသင်း နည်းပြဖောလ်ကာဖင်ကီက အသက်အရွယ်ကြီးမြင့်နေပြီဟု ချယ်လ်ဆီးနည်းပြမော်ရင်ဟိုမှ ဝေဖန်ခဲ့သည့် မိမိတို့အသင်းတိုက်စစ်မှူးအီတူး၏ ခြေစွမ်းအပေါ်ယုံကြည်မှုအပြည့်ရှိပြီး၊ အီတူးသည်အကောင်းဆုံးပုံစံပြန်လည်ရရှိနေပြီဖြစ်ကြောင်း တုံ့ပြန်ပြောကြားခဲ့သည်။

❒ လာမည့်ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဆင့်တွင် ဘရာဇီးလ်၊ မက္ကဆီကို၊ ကင်မရွန်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေသည့် ခရိုအေးရှားအသင်းနည်းပြနီကိုကိုဗက်က ဘရာဇီးလ်အသင်းသာ အုပ်စုပထမနေရာရရှိရန်ရေပန်းစားနေသော်လည်း၊ ဒုတိယနေရာမှာမူ ကျန်သည့်အသင်းတိုင်းအတွက် အခွင့်အရေးရှိနေကြောင်း ပြောကြားခဲ့သည်။

❒ ယခုနှစ်ရာသီတွင် စတုဂတ်အသင်းကို ဘွန်ဒစ်လီဂါတွင် ဆက်လက်ကျန်ရှိနေစေရန် စွမ်းဆောင်ခဲ့သည့် နည်းပြဟတ်ဘ်စတီဗင်သည် ပြီးခဲ့သည့်စနေနေ့က ဘေယန်မြူးနစ်ကိုရှုံးနိမ့်ခဲ့သည့်ပွဲအပြီးတွင် နည်းပြရာထူးမှနုတ်ထွက်သွားခဲ့ပြီး ယင်းနေရာအတွက် မိန့်ဇ်နည်းပြဟောင်းသောမတ်စ်တူချယ်နှင့် ဖရန့်ဖတ်နည်းပြဟောင်းအာမင်ဗေးတို့က ရေပန်းစားလျက်ရှိနေကြောင်းသိရသည်။

❒ ဆလိုဗက်ကီးယား ပြည်တွင်းလိဂ်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဖြစ်သည့် ဆလိုဗန်ဘရာတစ်လာဘာ အသင်းသည် ပြီးခဲ့သည့်စနေနေ့က ကစားခဲ့သည့်ပွဲတွင်အနိုင်ရခဲ့ပြီးနောက် ရာသီကုန်ဆုံးရန် (၃)ပွဲသာလိုတော့ချိန်၌ ဒုတိယနေရာမှအသင်းကို(၁၀)မှတ်အထိဖြတ်ထားနိုင်ခဲ့ပြီဖြစ်၍ အမှတ်ပေးဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

❒ PSG အသင်းနည်းပြလောရင့်ဘလန့်က မိမိတို့အသင်းကို UEFAမှ မြင့်မားသည့်ဒဏ်ငွေချမှတ်ဖွယ်ရှိနေသော်လည်း အသင်း၏အနေအထားကို ထိခိုက်မည်မဟုတ်ဟုယုံကြည်ကြောင်းပြောကြားခဲ့သည်။




## မိမိ၏ကစားသမားများအတွက် ဂုဏ်ယူမိဟု ဂွါဒီယိုလာချီးကျူး

ဘေယန်မြူးနစ်အသင်းနည်းပြဖြစ်သူဂွါဒီယိုလာက ယခုနှစ်ရာသီတွင် မိမိအသင်းမှကစားသမားများ၏ စွမ်းဆောင်မှုအပေါ် ဂုဏ်ယူကျေနပ်မိကြောင်း ဘွန်ဒစ်လီဂါချန်ပီယံဆုဖလားအောင်ပွဲခံအခမ်းအနားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဘေယန်မြူးနစ်အသင်းသည် ပြီးခဲ့သည့်စနေနေ့က ဘွန်ဒစ်လီဂါရာသီပိတ်ပွဲစဉ်တွင် စတုဂတ်အသင်းကို(၁-၀)ဂိုးဖြင့်အနိုင်ရခဲ့ပြီး ယင်းပွဲအပြီး၌ ချန်ပီယံဆုဖလားနှင့်အတူအောင်ပွဲခံအခမ်းအနားကျင်းပခဲ့ခြင်းဖြစ်သည်။ ဘေယန်မြူးနစ်အသင်းအနေဖြင့် ဘွန်ဒစ်လီဂါတွင်ဗိုလ်စွဲရန် ပြီးခဲ့သည့်မတ်လ(၂၅)ရက်နေ့ကတည်းက သေချာခဲ့ခြင်းဖြစ်ပြီး ယခုတစ်ကြိမ်အပါအဝင် ပြိုင်ပွဲသမိုင်းတစ်လျှောက် (၂၄)ကြိမ်တိုင်တိုင်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ဂွါဒီယိုလာက "ကျွန်တော့်အတွက်ကတော့ ဒီလိုအောင်ပွဲခံရတာဟာ ပထမဆုံးဖြစ်တာကြောင့် အရမ်းကိုထူးခြားပါတယ်။ ဘေယန်အသင်းနဲ့ ဒီအသင်းက ကစားသမားတွေအတွက် ကျွန်တော်ဂုဏ်ယူမိပါတယ်။ ပြီးခဲ့တဲ့ရာသီမှာ ကျွန်တော်တို့အသင်းဖလား(၃)လုံးရခဲ့သလိုပဲ ဒီနှစ်မှာလည်းအကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့ပါတယ်။ လာမယ့်တစ်ပတ် ဒေါ့မွန်နဲ့ကစားမယ့် ဂျာမန်ဖလားဗိုလ်လုပွဲမှာ အခု စတုဂတ်နဲ့ပွဲက ဒုတိယပိုင်းခြေစွမ်းမျိုးနဲ့ကစားမယ်ဆိုရင် အနိုင်ရမှာသေချာပါတယ်"ဟု ပြောကြားခဲ့သည်။

ဘေယန်မြူးနစ်အသင်းသည် ယခုနှစ်ရာသီချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်မှထွက်ခဲ့ရသော်လည်း ဂွါဒီယိုလာအနေဖြင့် အသင်းကို ဥရောပစူပါဖလား၊ ဘွန်ဒစ်လီဂါဖလားနှင့် ဆုဖလား(၂)လုံးရရှိအောင် စွမ်းဆောင်ထားနိုင်ခဲ့ကြောင်းသိရသည်။

## ရိန်းစ်နောက်ခံလူ ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရ

ပြင်သစ်ကလပ်ရိန်းစ်အသင်းမှ ကင်မရွန်းလက်ရွေးစင်နောက်ခံလူကာနာဘီယစ်သည် လေ့ကျင့်ရေးကွင်းတွင် ပရိသတ်တစ်ဦးနှင့်အချင်းများခဲ့သဖြင့် ပွဲပယ်ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း ရိန်းစ်အသင်းကထုတ်ပြန်ကြေညာခဲ့သည်။ ရိန်းစ်အသင်းအနေဖြင့် ဘီယစ်ကို မည်သည့်ကာလအထိပွဲပယ်ပြစ်ဒဏ်ချမှတ်မည်နှင့်ပတ်သက်၍ စစ်ဆေးမှုပြုလုပ်သွားမည်ဖြစ်ပြီး ယခုလောလောဆယ်တွင် ဘီယစ်မှာ ရာသီကုန်အထိအရန်အသင်းတွင်လေ့ကျင့်ခန်းဆင်းရမည်ဖြစ်သလို၊ ဒဏ်ငွေလည်းပေးဆောင်ရမည်ဖြစ်ကြောင်းသိရသည်။

## မက္ကဆီကိုအသင်း ကစားသမား(၂၃)ဦးစာရင်းထုတ်ပြန်

မက္ကဆီကိုအသင်းနည်းပြမီဂွယ်လ်ဟာရဲရားသည် လာမည့်ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ကစားသမား(၂၃)ဦးစာရင်းကို ပြီးခဲ့သည့်သောကြာနေ့က ကြေညာခဲ့ကြောင်းသိရသည်။ မက္ကဆီကိုအသင်းလူစာရင်းတွင် ဝါရင့်နောက်ခံလူများဖြစ်ကြသည့် ဆယ်လ်စီနို၊ ရာဖေးလ်မားကွက်ဇ်အပြင် မန်ယူတိုက်စစ်မှူးဟာနန်ဒက်ဇ်စသော နာမည်ကြီးကစားသမားများအစုံအလင်ပါဝင်ခဲ့ပြီး ဆိုစီဒက်တိုက်စစ်မှူးကားလို့စ်ဗီလာမှာမူ ပါဝင်ခဲ့ခြင်းမရှိပေ။ မက္ကဆီကိုအသင်းသည် လာမည့်ကမ္ဘာ့ဖလားတွင် ဘရာဇီးလ်၊ ခရိုအေးရှား၊ ကင်မရွန်းတို့နှင့် ဆုံတွေ့နေပြီး ကင်မရွန်းနှင့်အဖွင့်ပွဲစဉ်အဖြစ် စတင်ကစားရမည်ဖြစ်သည်။

## ရိုမေးနီးယားလိဂ်တွင် စတူအာဘူခါရက်အသင်းဗိုလ်စွဲ

ရိုမေးနီးယားပြည်တွင်းလိဂ်ပြိုင်ပွဲတွင် နာမည်ကြီးစတူအာဘူခါရက်အသင်းက ရာသီမကုန်မီဗိုလ်စွဲသွားခဲ့ကြောင်းသိရသည်။ လက်ရှိချန်ပီယံဖြစ်သည့် စတူအာဘူခါရက်အသင်းသည် ပြီးခဲ့သည့်တစ်ပတ်က ကလုချ်အသင်းနှင့်ကစားခဲ့သောပွဲတွင် (၁-၀)ဂိုးဖြင့်အနိုင်ရခဲ့ပြီး ရာသီကုန်ဆုံးရန်(၃)ပွဲခန့်လိုတော့ချိန်၌ ဒုတိယနေရာမှပက်ထရိုလူပလွိုက်စတီအသင်းကို (၁၀)မှတ်အထိဖြတ်ထားနိုင်ပြီဖြစ်၍ ပွဲမကုန်မီဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ စတူအာဘူခါရက်အသင်းအနေဖြင့် ရိုမေးနီးယားပြည်တွင်းအမှတ်ပေးဖလားကို စုစုပေါင်း(၂၅)ကြိမ်အထိရယူထားခဲ့ကြောင်းသိရသည်။




၂၀၁၃-၁၄ ဘောလုံးရာသီတစ်ခုကတော့ တဖြည်းဖြည်းနဲ့ဇာတ်သိမ်းခန်းကိုရောက်ရှိလာပါပြီ။ လိဂ်အသီးသီးမှာလည်း ချန်ပီယံတွေပေါ်ထွက်လာခဲ့ပါပြီ။ ဘေယန်၊ ဂျူဗင်တပ်စ်၊ PSG တို့ချန်ပီယံဖြစ်ခဲ့သလို အင်္ဂလန်နဲ့ စပိန်တို့မှာလည်း ရက်ပိုင်းအတွင်းမှာအဖြေပေါ်တော့မှာပါ။ ဒီအချိန်မှာ တစ်ရာသီလုံးလုံး အကောင်းဆုံးစွမ်းဆောင်ရည်ပိုင်ဆိုင်ခဲ့တဲ့ ဥရောပအကောင်းဆုံးကစားသမား(၁၀)ဦးကိုလည်း ဗြိတိန်ထုတ် Sport Mail က စာရင်းပြုစုထားပါတယ်။ Sport Mail က ဒီစာရင်းပြုစုခဲ့တာ အင်္ဂလန်ပရီးမီးယားလိဂ်ကစားသမားတစ်ယောက်မှမထည့်သွင်းဘဲ ကျန်ဥရောပလိဂ်အသီးသီးက အကောင်းဆုံးတွေကိုသာ ရွေးချယ်ခဲ့ခြင်းဖြစ်ပါတယ်။

### (၁၀) မာကိုရုစ်

ဒီရာသီဟာ ဒေါ့မွန်အတွက် ရုန်းကန်ခဲ့ရတဲ့ နှစ်တစ်နှစ်ပါပဲ။ ဒါပေမဲ့ မာကိုရုစ်ကတော့ ဒေါ့မွန်အတွက် လိဂ်ဂိုး(၁၆)၊ ချန်ပီယံလိဂ်(၅)ဂိုးသွင်းယူပေးခဲ့ကာ အကောင်းဆုံးစွမ်းဆောင်ပြနိုင်ခဲ့ပါတယ်။ မန်ယူ၊ ဘေယန်မြူးနစ်တို့က ပစ်မှတ်ထားနေတဲ့ မာကိုရုစ်အတွက်ကတော့ ထူးခြားတဲ့နှစ်တစ်နှစ်လို့ဆိုရမှာပါ။

### (၉) လူကာမိုဒရစ်

ရီးယဲယ်ကို မိုဒရစ်စရောက်ခါစတုန်းက စပိန်သတင်းစာ Marca က "အဆိုးရွားဆုံးပြောင်းရွှေ့မှု" လို့ ဝေဖန်ခဲ့ကြပါတယ်။ ဒါပေမဲ့ အခုချိန်မှာတော့ ဒီဝေဖန်သံတွေတိတ်ဆိတ်သွားပါပြီ။ ရီးယဲယ်ကွင်းလယ်အတွက် မိုဒရစ်ဟာ Star man တစ်ယောက်ဖြစ်နေသလို အန်ဆယ်လော့တီရဲ့ လူစာရင်းစာရွက်မှာလည်း အမြဲတမ်းဦးစားပေးအဆင့်တစ်ယောက်ဖြစ်လာခဲ့ပါပြီ။

### (၈) ရိဘာရီ

တကယ်တော့ ဒီရာသီဟာ ရိဘာရီအများကြီးမျှော်လင့်ခဲ့ရတဲ့နှစ်ပါ။ ပြီးခဲ့တဲ့ရာသီကအောင်မြင်မှုတွေအတွက် ကမ္ဘာ့အကောင်းဆုံးဆုကိုမျှော်လင့်ခဲ့ပေမယ့် လွဲချော်ခဲ့ရပါတယ်။ ဒီရာသီမှာ ဘေယန်အတွက် ဘွန်ဒက်စ်လီဂါ(၁၈)ပွဲမှာ(၁၀)ဂိုးတည်းသွင်းယူခဲ့တာတော့ ပြောစရာဖြစ်နေပါတယ်။ ဒါပေမဲ့ ဥရောပအကောင်းဆုံးတွေထဲကတော့ ရိဘာရီကို ပစ်ပယ်ထားလို့မရပါဘူး။

### (၇) မက်ဆီ

အချိန်တွေနောက်ပြန်ဆွဲကြည့်လိုက်ရင် မက်ဆီဒဏ်ရာမရခဲ့ဘူးဆိုရင် ဒီစာရင်းထိပ်ဆုံးမှာရှိနေမှာ သေချာပဲဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ ဒဏ်ရာတွေက ပြန်လာပြီးနောက်ပိုင်းမှာ အရင်မက်ဆီနဲ့မတူတော့ဘူး။ ရီးယဲယ်၊ အက်သလက်တီကိုတို့နဲ့ထိပ်တိုက်တွေ့နေချိန်မှာ မက်ဆီဆိုတာအသက်မဲ့နေတယ်။ ဒါပေမဲ့ (၂၇)ပွဲမှာ(၂၈)ဂိုးဆိုတဲ့ ဂိုးသွင်းနှုန်းကတော့ ဒီစာရင်းနဲ့ထိုက်တန်ပါတယ်။

### (၆) ဂါရတ်ဘေးလ်

ကမ္ဘာ့အမြင့်ဆုံးပြောင်းရွှေ့ကြေး၊ ရီးယဲယ်မက်ဒရစ်လိုအသင်းနဲ့ ထိုက်တန်လို့လားဆိုတာ တစ်ကမ္ဘာလုံးကစောင့်ကြည့်နေခဲ့ကြတယ်။ ဒါပေမဲ့ ဘေးလ်ကတော့ စပိန်ဘုရင့်ဖလားဖိုင်နယ်မှာ သွင်းယူခဲ့တဲ့ဂိုးတစ်ဂိုးတည်းနဲ့ သက်သေပြနိုင်ခဲ့တယ်။

### (၅) ဖိလစ်လမ်း

ကစားသမားဘဝတစ်လျှောက်လုံး ညာနောက်ခံလူအဖြစ်နဲ့ကစားခဲ့တဲ့သူဟာ ဂွါဒီယိုလာလက်ထက်မှာ Holding midfielder အဖြစ်ပြောင်းလဲကစားခဲ့ရတယ်။ ဂွါဒီယိုလာရဲ့ ကစားကွက်အောက်မှာ ဖိလစ်လမ်းဟာ ဘောလုံးပေးပို့မှုစုစုပေါင်း(၉၂)ရာခိုင်နှုန်းအထိတိကျခဲ့ပြီး အသင်းကိုလည်း ဟန်ချက်ညီစေခဲ့ပါတယ်။

### (၄) ကော်တိုအစ်

စီရော်နယ်လ်ဒို၊ မက်ဆီတို့ရဲ့ ကန်သွင်းချက်တွေကို ကာကွယ်ခဲ့ရတယ်။ ချန်ပီယံလိဂ်မှာ သူ့ရဲ့ကာကွယ်မှုတွေက ကမ္ဘာ့အဆင့်ဖြစ်လာတယ်။ မော်ရင်ဟိုကတော့ လာမယ့်ရာသီမှာ ချယ်လ်ဆီးကို ပြန်ခေါ်ဖို့ပြင်ဆင်နေပါပြီ။

### (၃) အီဘရာဟီမိုဗစ်

သွင်းဂိုး(၂၅)ဂိုး၊ ဂိုးဖန်တီးမှု(၁၁)ကြိမ်နဲ့ ဘလန့်ရဲ့ PSG အတွက်အကောင်းဆုံးခြေစွမ်းပြခဲ့ပြီး အမှတ်ပေးဖလားကို ရယူပေးနိုင်ခဲ့တယ်။ မော်ဒန်ဘောလုံးကမ္ဘာမှာ အီဘရာဟီမိုဗစ်ဆိုတာလည်း အကောင်းဆုံးတွေနဲ့ယဉ်ပါးနေသူဖြစ်ပါတယ်။

### (၂) ဒီယေဂိုကော်စတာ

ဖယ်လ်ကာအိုမရှိတော့တဲ့ အက်သလက်တီကိုတိုက်စစ်ကို နာမည်မကြီးတဲ့ ဒီယေဂိုကော်စတာက ဦးဆောင်ပေးခဲ့ရတယ်။ ဒါပေမဲ့ သူ့ရဲ့ဂိုးသွင်းစွမ်းရည်က ဥရောပအကောင်းဆုံးတစ်နေရာကို ရယူပေးနိုင်ခဲ့သလို လာမယ့်ရာသီမှာ ချယ်လ်ဆီးခေါ်ယူဖို့ ပစ်မှတ်ထားနေပါပြီ။

### (၁) စီရော်နယ်လ်ဒို

ပြင်းထန်တဲ့ဂိုးကန်သွင်းချက်တွေ၊ အလွတ်တည်ကန်ဘောတွေ၊ ချန်ပီယံလိဂ်ဂိုးသွင်းအများဆုံး(တစ်ရာသီအတွင်း)စံချိန်တွေကို ရယူပေးနိုင်ခဲ့တဲ့ စီရော်နယ်လ်ဒိုကတော့ ဒီစာရင်းမှာ ခြွင်းချက်မရှိထိပ်ဆုံးမှာ ရပ်တည်နေပါတယ်။ နောက်ပြီး ဥရောပဂိုးသွင်းအများဆုံးဆုကိုလည်းရရှိဖို့ အလားအလာကောင်းနေသူလည်းဖြစ်ပါတယ်။




MEDG Company Limited အမြို့မြို့အနယ်နယ်ရှိအရောင်းကိုယ်စားလှယ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါပြီ။

**YANGON :** Wai Yan (Pansodan) Tel: 01-250596, 250597 | Wai Yan (Kabar Aye)Tel: 01-401416,400771, 400772, 400775 | Wai Yan (South Dagon) Tel: 01-8100343, 8100344 | Wai Yan (BAK) Tel : 01-256620, 246513, 256879 | MC,Tel : 01-256136 | Ko Ali: Tel: 01-299945 | **MANDALAY :** TMW Tower, Tel: 02-72581, 72582 | Myo Thein: 02-34023, 35332 | **NAY PYI TAW :** Thin Yadanar Hyper Market, Tel: 067 - 420791, 420 966 | **TAUNGGYI :** Wai Yan, Tel: 081-200571 | **MAWLAMYAING :** Tourist, Tel: 057-25484, 24513 | **MON YWAR :** Lwin Electronics, Tel :071-22377, 24242 | **MYIT KYI NAR :** Min Khaing Electronics, Tel: 074-28020, 23839 | **LASHIO :** Kyar Goung Electronics, Tel : 082-23237 | **PYAY :** Lucky City, Tel: 053-24997, 053-22647 | Wai Yan, Tel: 053-24040, 09 49501580

# ငြင်းခုံမှုတွေ ရှိနေသေးပေမယ့်

AK

ယောက်ျားသားတွေချည်းပဲ ကစားတဲ့ ပြိုင်ပွဲတစ်ခုထဲကို ဆန့်ကျင်ဘက်မိန်းမသားတွေ ဝင်ရောက်လာတာ သဘောတူတွေလည်းရှိပေမယ့် မနှစ်မြို့သူတွေလည်း ရှိနေပါသေးတယ်။ အမျိုးသားတွေရဲ့ ဘောလုံးပြိုင်ပွဲတွေမှာ ကွင်းလယ်ဒိုင်၊ စည်းကြပ်ဒိုင်စသဖြင့် အရေးပါတဲ့ ကဏ္ဍတွေမှာ မိန်းမသားတွေ စိမ့်ဝင်လာတာကို အခုနောက်ပိုင်းမှာ အမြင်များလာတာအမှန်ပါပဲ။ အခုလည်း မိန်းမသားတွေအတွက် ဂုဏ်ယူစရာ မှတ်တိုင်တစ်ခုက ဘရာဇီးလ်မှာ ထပ်မံဖြစ်ပေါ်ခဲ့ပြီလို့ ဆိုရပါမယ်။ အဲဒါကတော့ ဘရာဇီးလ်ပြည်တွင်းအမှတ်ပေးပြိုင်ပွဲတစ်ခုမှာ အမျိုးသမီးစည်းကြပ်ဒိုင်တစ်ဦး တာဝန်ယူခွင့်ရခဲ့တာပါ။ ကိုလွန်ဘိုအူလီယာနာလို့အမည်ရတဲ့ အသက်(၂၅)နှစ်အရွယ် မိန်းမပျိုဟာ အစောကပိုင်းတည်းက ဘရာဇီးလ်ပြည်တွင်းရှုံးထွက်ဖလားပြိုင်ပွဲတွေမှာ စည်းကြပ်ဒိုင်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့ဖူးသူဖြစ်ပါတယ်။ ဒါပေမဲ့ တစ်ဆင့်မြင့်တယ်လို့ သတ်မှတ်ရမယ့် ဘရာဇီးလ်အမှတ်ပေးပြိုင်ပွဲတွေမှာတော့ တာဝန်ယူခွင့်မရခဲ့ဘဲ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ကစားခဲ့တဲ့ မင်နဲရိုးနဲ့ ခရူဇီယိုတို့ရဲ့အမှတ်ပေးပွဲမှာမှ ပထမဆုံးအကြိမ် စည်းကြပ်ဒိုင်လုပ်ခွင့်ရခဲ့တာပါ။

သူမအတွက် ယောက်ျားသားတွေရဲ့ ဘောလုံးပြိုင်ပွဲတစ်ခုမှာ စည်းကြပ်ဒိုင်လုပ်ရတာ ပန်းခင်းလမ်းတော့မဟုတ်ပါဘူး။ အင်တာနက်စာမျက်နှာပေါ်ကနေ လိင်ခွဲခြားမှုတွေကို ရင်ဆိုင်ခဲ့ရဖူးတယ်လို့ သိရပါတယ်။ ဒါပေမဲ့ သူမဟာ ကိုယ်ပိုင်ရပ်တည်ချက်နဲ့ ဝါသနာကို ဝေဖန်မှုတွေကြောင့် အရှေ့မခံခဲ့ပါဘူး။ သူမနဲ့အတူ မိန်းမသားတွေအတွက် ရှေ့ဆောင်လမ်းပြအဖြစ်ရှိနေသူတချို့ကတော့ပရီးမီးယားလိဂ်ပြိုင်ပွဲမှာ စည်းကြပ်ဒိုင်အဖြစ် ဆောင်ရွက်ခဲ့ဖူးသူ ဆီယန်မက်ဆေး၊ အီတလီကကွင်းလယ်ဒိုင်တဖြစ်လဲ အချိန်ပိုင်းမော်ဒယ်အီလီနာတမ်ဘီနီ၊ အမျိုးသားကလပ်အသင်းတစ်သင်းကို ပထမဆုံးကိုင်တွယ်ခွင့်ရတဲ့ ပြင်သစ်ကလပ် ကလဲမောင့်က အမျိုးသမီးနည်းပြ ဟယ်လီနာကော်စတာတို့ပါပဲ။ သူတို့နဲ့ ပတ်သက်ပြီး ငြင်းခုံမှုတွေ၊ ဝေဖန်မှုတွေရှိနေဦးမှာဖြစ်သလို၊ ဒီလိုငြင်းခုံမှု၊ ဝေဖန်မှုတွေကြားထဲမှာပဲ ပြင်းထန်တဲ့ အမျိုးသားဘောလုံးပွဲတွေရဲ့ အလယ်မှာ ပန်းပွင့်လိုမိန်းမသားတွေကို ဘယ်လောက်များများထပ်မြင်ရဦးမလဲဆိုတာ . . .



အူလီယာနာအား စည်းကြပ်ဒိုင်အဖြစ် ဆောင်ရွက်နေစဉ် တွေ့ရပုံ

Photos: Dailymail



# မေဝယ်သာရဲ့ ငွေရေစက်

ကမ္ဘာကျော်ဘောလုံးသမားတစ်ယောက်ရဲ့ အမြင့်ဆုံးတစ်နှစ်လစာငွေက ယူရိုသန်း(၂၀)ဝန်းကျင်မှာရှိပါတယ်။ ကမ္ဘာကျော်လက်ဝှေ့သမားတစ်ဦးရဲ့တစ်ညဝင်ငွေကတော့ အမေရိကန်ဒေါ်လာသန်း(၇၀)ထိရှိနေပါတယ်။ ဒီလိုဝင်ငွေမျိုးကိုရရှိနေတာက နာမည်ကျော်လက်ဝှေ့အကျော်အမော် ဖလွိုက်မေဝယ်သာပါပဲ။ ပြီးခဲ့တဲ့တစ်ပတ် တနင်္ဂနွေနေ့မနက်က (မြန်မာစံတော်ချိန်) ပြိုင်ဘက်မိုင်ဒါနာနဲ့ထိုးသတ်ခဲ့တဲ့ပွဲမှာ မေဝယ်သာရခဲ့တဲ့ ဝင်ငွေစုစုပေါင်းလည်းဖြစ်ပြီး ဒီလိုများပြားလှတဲ့ ဝင်ငွေတွေကို ထိန်းသိမ်းရေတွက်ဖို့အတွက် မေဝယ်လ်သာအနားမှာ ခြွေရံသင်းပင်းတွေက အသင့်ရှိနေခဲ့ပါတယ်။ သူတို့တွေကတော့ ဂျက်ဆီလီနဲ့မီဒီနာလို့ အမည်ရတဲ့ မိန်းမပျိုနှစ်ဦးပါပဲ။ သူမတို့နှစ်ဦးဟာ မေဝယ်သာတည်ထောင်ထားတဲ့ The Money Team အဖွဲ့ဝင်နှစ်ဦးဖြစ်ပါတယ်။ The Money Team အဖွဲ့ရဲ့လှုပ်ရှားမှုတွေက နာမည်ကျော်နိုက်ကလပ်တွေမှာ ပါတီပွဲတွေ ဆင်ယင်ကျင်းပတာဖြစ်ပြီး ဂျက်ဆီလီနဲ့မီဒီနာတို့ နှစ်ဦးဟာ မေဝယ်သာရဲ့ပါတီပွဲတွေမှာ ပူးပေါင်းနေကျကဲဖော်ကဲဖက်တွေပါပဲ။ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းမှာတော့ မေဝယ်သာနဲ့ သူမတို့နှစ်ဦးကို အခန်းတစ်ခုအတွင်းက ငွေပုံတွေကြားမှာ အတူတကွမြင်ခဲ့ရပြီး ဂျက်ဆီလီနဲ့မီဒီနာတို့က ကုတင်တစ်ခုပေါ်မှာထိုင်ကာ ငွေရေနေခဲ့တာတွေ့ရပါတယ်။ သူမတို့နှစ်ဦးကို အခုလိုပုံစံနဲ့မြင်ခဲ့ရတဲ့အကြောင်းရင်းက မေဝယ်သာရဲ့စေခိုင်းမှုကြောင့်ဖြစ်ပြီး မေဝယ်သာက ဒေါ်လာတစ်သိန်းကို ဘယ်သူအမြန်ဆုံးရေတွက်နိုင်မလဲဆိုတာကို ဂိမ်းတစ်ခုအနေနဲ့ ကစားခိုင်းခဲ့တာပါ။ မေဝယ်သာကတော့ ဘေးမှာထိုင်ကာ သူ့ရဲ့တန်ဖိုးကြီးနာရီတစ်လုံးကအချိန်ကို ကြည့်ပြီး ဘယ်သူပိုမြန်မလဲဆိုတာ စောင့်ကြည့်နေခဲ့ပါတယ်။ မိန်းမပျိုနှစ်ဦးကို ငွေရေစက်လို အသုံးချပြိုင်ပွဲတစ်ခုလုပ်ခဲ့တဲ့ မေဝယ်သာရဲ့လုပ်ရပ်ကို အားကျသူနဲ့မနာလိုသူ ဘယ်အရာကပိုများမလဲဆိုတာကတော့တွေးရခက်ပါတယ်။

# ဒယ်ဒီဖြစ်သွားတဲ့ ရာမို့စ်

ရီးယဲလ်နဲ့ ပတ်သက်သူတွေအတွက် အခုအချိန်က ဖိအားများတဲ့ကာလလို့ ဆိုရပါမယ်။ လာလီဂါချန်ပီယံဆုကို ရယူဖို့အတွက် အမှားမခံတဲ့အချိန်ဖြစ်နေသလို မကြာခင်မှာရောက်လာမယ့် ချန်ပီယံလိဂ်ဖိုင်နယ်ပွဲအတွက်လည်း တွေးပူနေရပါတယ်။ ဒါပေမဲ့ ဒီလိုဖိအားဒဏ်တွေကို မေ့ဖျောက်နိုင်စေမယ့်အရာတစ်ခုကိုတော့ ရီးယဲလ်အသင်းနောက်ခံလူရာမို့စ် ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက ပိုင်ဆိုင်ခဲ့ရပါတယ်။ အကြောင်းကတော့ ရာမို့စ်ရဲ့အတူနေချစ်သူဖြစ်တဲ့ ရုပ်သံအစီအစဉ်တင်ဆက်သူပီလာရူဘီယိုဟာ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက သူတို့နှစ်ဦးရဲ့ ပထမဆုံးရင်သွေးတစ်ဦးကို မွေးဖွားပေးခဲ့လို့ဖြစ်ပါတယ်။ ရာမို့စ်နဲ့ ပီလာရူဘီယိုတို့ရဲ့ ပထမဆုံးရင်သွေးက သားယောက်ျားလေးဖြစ်ပြီး ရာမို့စ်က သူ့ရဲ့သားနာမည်ကို နှစ်ဦးစလုံးရဲ့နာမည်ပါအောင် ဆာဂျီယိုရာမို့စ် ရူဘီယိုလို့ မှည့်ခေါ်ခဲ့ပါတယ်။ ပထမဆုံးရင်သွေးရရှိပြီး အပျော်လွန်နေတဲ့ ရာမို့စ်နဲ့ ပီလာရူဘီယိုတို့နှစ်ဦးကို သားငယ်နဲ့အတူ မက်ဒရစ်ဆေး[illegible]ရှေ့မှာ အပြုံးကိုယ်စီနဲ့ တွေ့ခဲ့ရပါတယ်။ သားငယ်လေး ဆာဂျီယိုရာမို့စ်ရူဘီယိုက ရာမို့စ်နဲ့ပီလာရူဘီယိုတို့ရဲ့ ရှေ့ဆက်မယ့်ခရီးလမ်းမှာ ခွန်အားသစ်တွေကို ပေးစွမ်းနိုင်မလားဆိုတာ . . .



Images



# မြန်မာနှင့်ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများကို မေ(၁၈)ရက်တွင် ကျင်းပရန်စီစဉ်ထားပြီး ထွန်းထွန်းမင်းနှင့် ခရှမ်တို့ ယှဉ်ပြိုင်မည်




မြန်မာ့ရိုးရာလက်ဝှေ့သမား ထွန်းထွန်းမင်း(ဓာတ်ပုံ - စိုးညီ)

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်တို့ကကြီးမှူး၍ H&S Group မှ စီစဉ်ကျင်းပသည့် မြန်မာနှင့်ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို လာမည့်မေလ(၁၈)ရက်တွင် ရန်ကုန်မြို့ရှိ သိမ်ဖြူအားကစားရုံ၌ ကျင်းပပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် မြန်မာနှင့်ထိုင်း လက်ဝှေ့သမားများယှဉ်ပြိုင်မည့် ပွဲစဉ်(၃)ပွဲနှင့် မြန်မာလက်ဝှေ့သမားအချင်းချင်း ယှဉ်ပြိုင်မည့် ပွဲစဉ်(၇)ပွဲ၊ စုစုပေါင်း ပွဲစဉ်(၁၀)ပွဲ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ မြန်မာနှင့်ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများအဖြစ် ထွန်းထွန်းမင်း(မြန်မာ)နှင့် ခရှမ်(ထိုင်း)၊ စောဂေါ်မူတို့(မြန်မာ)နှင့် ဖူထိုင်း(ထိုင်း)၊ ကြယ်စင်ဖြိုး(မြန်မာ)နှင့် ခွန်ချမ်းပဲ့(ထိုင်း)တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဓိကပွဲစဉ်အဖြစ်ယှဉ်ပြိုင်မည့် ထွန်းထွန်းမင်းနှင့် ခရှမ်တို့၏သည် ယခင်က တွေ့ဆုံယှဉ်ပြိုင်ခဲ့ဖူးခြင်းမရှိဘဲ ပထမအကြိမ်ဆုံတွေ့ကြခြင်းဖြစ်ကြောင်း သိရသည်။ နာမည်ကြီးမြန်မာ့ရိုးရာလက်ဝှေ့သမား ထွန်းထွန်းမင်းသည် ထိုင်းလက်ဝှေ့သမားများနှင့်ယှဉ်ပြိုင်ခဲ့ဖူးသည့် အတွေ့အကြုံများစွာရှိထားပြီး ၂၀၁၃ ဆီးဂိမ်းစ်ပြိုင်ပွဲတွင် မွေထိုင်းအားကစားနည်း၌ ရွှေတံဆိပ်ရရှိခဲ့သူဖြစ်သည်။ ထွန်းထွန်းမင်းနှင့်ယှဉ်ပြိုင်မည့် ခရှမ်ကလည်း မြန်မာလက်ဝှေ့သမားများနှင့်ယှဉ်ပြိုင်သည့်အတွေ့အကြုံရှိသူဖြစ်ကြောင်း သိရသည်။ ၂၀၁၃ ခုနှစ်အတွင်း နာမည်ကြီးမြန်မာ့ရိုးရာလက်ဝှေ့သမား တွေ့မရှောင်ကို ရှုံးနိမ့်ခဲ့သော်လည်း ခရှမ်သည် ပြီးခဲ့သည့် ဧပြီ(၁)ရက်က မြန်မာ့ရိုးရာလက်ဝှေ့ချန်ပီယံ စောငမန်းနှင့် ယှဉ်ပြိုင်ရာ၌ ဒုတိယအချီတွင် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

## အားကစားနည်း(၃၀) ယှဉ်ပြိုင်ရန် စီစဉ်

စင်ကာပူနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ၂၀၁၅ ဆီးဂိမ်းစ်ပြိုင်ပွဲ၌ မြန်မာနိုင်ငံက အားကစားနည်း(၃၀)မျိုးတွင် ပါဝင်ယှဉ်ပြိုင်ရန် စီစဉ်ထားကြောင်း သိရှိရသည်။ မြန်မာနိုင်ငံက ပါဝင်ယှဉ်ပြိုင်မည့် အားကစားနည်း အရေအတွက်နှင့်ပတ်သက်၍ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့် ဆန်းက ပြီးခဲ့သည့် မေလ(၁၀)ရက်တွင် အ တည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။ ၂၀၁၅ ဆီးဂိမ်းစ်ပြိုင်ပွဲကို လာမည့် ၂၀၁၅ ခုနှစ် ဇွန်လအတွင်း စင်ကာပူနိုင်ငံ၌ ကျင်းပမည် ဖြစ်ပြီး အားကစားနည်း(၃၆)မျိုး ပါဝင်မည် ဖြစ်သည်။

## အာဆီယံလက်ရွေးစင်အသင်း ရန်ပုံငွေပွဲတွင် ရှုံးနိမ့်

မုန်တိုင်းဒဏ်သင့် ဖိလစ်ပိုင်ပြည်သူ များအတွက် ကျင်းပသည့် ရန်ပုံငွေဘောလုံး ပွဲတွင် အင်ဒိုနီးရှားလက်ရွေးစင်အသင်းက အာဆီယံလက်ရွေးစင်အသင်းကို (၁-၀)ဂိုး ဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။ အဆိုပါ ပွဲစဉ်ကို အင်ဒိုနီးရှားနိုင်ငံရှိ ဘန်ကာနိအား ကစားကွင်း၌ ကျင်းပခဲ့ပြီး အာဆီယံလက် ရွေးစင်အသင်းတွင် မြန်မာကစားသမားများ ဖြစ်သည့် သိန်းသန်းဝင်း၊ နိုင်လင်းဦးနှင့် စိုး မင်းဦးတို့ ပါဝင်ကစားခဲ့ကြောင်း သိရသည်။ အင်ဒိုနီးရှားလက်ရွေးစင်အသင်းရရှိသည့် အနိုင်ဂိုးသည် အာဆီယံလက်ရွေးစင်အသင်း မှ မလေးရှားကွင်းလယ်ကစားသမား စပီရာ ဟင် ကိုယ့်ဂိုးကိုယ်သွင်းခဲ့သည့်ဂိုးဖြစ်သည်။ အာဆီယံလက်ရွေးစင်အသင်းကို ဒေသတွင်း နိုင်ငံများမှ ကစားသမားများဖြင့် ပေါင်းစပ် ဖွဲ့စည်းယှဉ်ပြိုင်ခြင်းဖြစ်သည်။

## ဘောယန်မြူးနစ်လူငယ်ဘောလုံးပြိုင်ပွဲတွင်ယှဉ်ပြိုင်ရန် မြန်မာလူငယ်ကစားသမား(၅)ဦး ထိုင်းနိုင်ငံသို့ သွားရောက်

ဂျာမနီနိုင်ငံတွင် ဘောယန်မြူးနစ်ဘောလုံးအသင်းမှ ကြီးမှူးကျင်းပမည့် ဘောယန်မြူးနစ်လူငယ်ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ရွေးချယ်ခံထားရသည့် မြန်မာယူ-၁၆ ကစားသမား(၅)ဦးသည် ထိုင်းနိုင်ငံမှ လူငယ်ကစားသမား(၅)ဦးနှင့်ပေါင်းစပ်၍ အသင်းဖွဲ့စည်းရန်အတွက် မေလ(၁၂)ရက်က ထိုင်းနိုင်ငံသို့ထွက်ခွာသွားခဲ့ကြောင်း သိရသည်။ ယင်းပြိုင်ပွဲတွင် မြန်မာနှင့် ထိုင်းလူငယ်ကစားသမားများ ပေါင်းစပ်ထားသည့်အသင်းသည် အာဆီယံကိုယ်စားပြုအသင်းအဖြစ် သွားရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ထိုင်းနိုင်ငံသို့ သွားရောက်သော မြန်မာယူ-၁၆ ကစားသမား(၅)ဦးမှာ နေပြည်တော်ဘောလုံးအကယ်ဒမီမှ အောင်ဖြိုးသာနှင့် ဘုန်းသစ္စာမင်း၊ မြန်မာဘောလုံးအကယ်ဒမီမှ ကျော်လွင်မိုးနှင့် ရှာနေယျာသူ၊ မန္တလေးအား/ကာသိပ္ပံမှ မောင်မောင်တို့ဖြစ်ကြောင်း သိရသည်။

## နိုက်ဂျီးရီးယားကလပ်အသင်းနှင့် MNL ကလပ်အသင်းများ ခြေစမ်းပွဲယှဉ်ပြိုင်ရန် စီစဉ်

နိုက်ဂျီးရီးယားနိုင်ငံမှ အပျော်တမ်းဘောလုံးအသင်းတစ်သင်းဖြစ်သည့် အာရာဖတ် ဘောလုံးအသင်းသည် MNL ကလပ်အသင်းအချို့နှင့် ခြေစမ်းပွဲများယှဉ်ပြိုင်ရန်အတွက် မေလ(၁၂)ရက်တွင် ရန်ကုန်မြို့သို့ရောက်ရှိလာကြောင်း သိရသည်။ နိုက်ဂျီးရီးယားကလပ် အာရာဖတ်အသင်းသည် MNL ကလပ်အသင်း(၃)သင်းနှင့် ရန်ကုန်မြို့တွင် ခြေစမ်းပွဲ(၃)ပွဲ ယှဉ်ပြိုင်ကစားရန် စီစဉ်ထားခြင်းဖြစ်ပြီး လာမည့် မေလ(၁၆)ရက်တွင် KBZ အသင်း၊ မေလ(၁၉)ရက်တွင် ဇွဲကပင်ယူနိုက်တက်အသင်း၊ မေလ(၂၁) ရက်တွင် နေပြည်တော်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

## ထိုင်းနိုင်ငံရောက် မြန်မာ့လက်ရွေးစင်အသင်း၏ပထမခြေစမ်းပွဲ ထိုင်းပရီးမီးယားလိဂ်မှ မြောင်တောင်အသင်းကို ရှုံးနိမ့်

AFC Challenge Cup ပြိုင်ပွဲအတွက် ပြင်ဆင်မှုအဖြစ် ထိုင်းနိုင်ငံသို့ရောက်ရှိနေသော မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် မေ(၁၂)ရက်က ထိုင်းပရီးမီးယားလိဂ် ကလပ် မြောင်တောင်အသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ခဲ့ရာ (၁-၂)ဂိုးဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။




မြောင်တောင်နှင့် မြန်မာ့လက်ရွေးစင်အသင်းတို့ကို ပွဲမစမီတွေ့ရစဉ်

အဆိုပါခြေစမ်းပွဲကို မေလ(၁၂)ရက်၊ ညနေ(၆)နာရီက မြောင်တောင်အသင်း၏ ကွင်းတွင် ကျင်းပခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းတွင် သီဟာစည်သူ၊ ဇော်မင်းထွန်း၊ ရန်နိုင်၊ မင်းမင်းသူ၊ ကောင်းစည်သူ စသည့်အဓိက ကစားသမားအချို့ပါဝင်ခဲ့ပြီး မြောင်တောင်အသင်းတွင်လည်း နိုင်ငံခြားသားကစားသမားများနှင့် အဓိကကစားသမား အချို့ပါဝင်ကစားခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ပယ်နယ်တီမှတစ်ဆင့် ကောင်းစည်သူ သွင်းယူသောဂိုးဖြင့် မြောင်တောင်အသင်းကို ဦးဆောင်နိုင်ခဲ့သော်လည်း ချေပဂိုးနှင့် အနိုင်ဂိုးတို့ ပြန်ပေးရကာ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၄ AFC Challenge Cup ပြိုင်ပွဲအကြို ပြင်ဆင်မှုအဖြစ် ထိုင်းနိုင်ငံသို့သွားရောက်လေ့ကျင့်ရင်း ခြေစမ်းပွဲယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ သို့သော် AFC Cup ရှုံးထွက်အဆင့်ပြိုင်ပွဲ ယှဉ်ပြိုင်ရန်ရှိနေသော ရန်ကုန်ယူနိုက်တက် အသင်းနှင့် နေပြည်တော်အသင်းမှ မြန်မာ့ လက်ရွေးစင်ကစားသမားများသည် ယခုခြေ စမ်းခရီးစဉ်သို့ လိုက်ပါနိုင်ခြင်းမရှိခဲ့ပေ။